ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၈.၃၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးဘိုးရယ်၊ ကယား(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကျန်းမာရေး။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကျန်းမာရေး။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကျန်းမာရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ် ကျော်ကျော်စိုး၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူး ကျော်နေမော်၊ တပ်မတော်၊ တာဝန်။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာတွင် တိုက်နယ်ဆေးရုံ ချထားပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာတွင် တိုက်နယ်ဆေးရုံ ချထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် မင်္ဂလာပါလို့ ပြောကြားရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်(ခေါ်) ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာအတွက် လိုအပ်လျက်ရှိတဲ့ တိုက်နယ်ဆေးရုံ (၁)ရုံ ချမှတ်ပေးပါရန် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

နဂူမေကျေးရွာဟာ ကျောက်တော်မြို့နယ်နဲ့ (၁၅)မိုင် အလှမ်းကွာဝေးပြီးတော့ ရွာကြီး(၂၅)ရွာ၊ ကျေးရွာအုပ်စု(၁၃)အုပ်စု၊ နေထိုင်သူ လူဦးရေ(၂၇၂၈၁)ဦး ရှိတဲ့ရွာကြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ဆင်းရဲမှုမြင့်မားတဲ့ ရွာတွေဖြစ်တဲ့အတိုင်းပဲ ဒီကျေးရွာမှာရှိကြတဲ့ လူတန်းစားတွေဟာ လက်လုပ်လက်စား လယ်သမားတွေ ဖြစ်ပါတယ်။ ကုလားတန်မြစ်ရဲ့ အရှေ့ဘက်ခြမ်းမှာ တည်ရှိပြီးတော့ ကျောက်တော်မြို့နဲ့ အရမ်းအလှမ်းဝေးကွာလှတဲ့ ဒီ ဒေသမှာရှိကြတဲ့ လူတွေဟာ နေထိုင်မကောင်းဖြစ်ရင် အရေးတကြီး ကိစ္စရှိလို့ရှိရင်တော့ သူတို့နဲ့ အနီးဆုံးရှိတဲ့ အပေါက်ဝဆေးရုံကို (၁)နာရီခန့် လှေဖြင့်သွားပြီး လာကြရပါတယ်။ ကျောက်တော်မြို့ ဆေးရုံကြီးလာဖို့ဆိုရင်တော့ လှေနဲ့ (၂)နာရီလောက် သွားရပါတယ်။ အဲဒီလို အလှမ်းကွာဝေးတဲ့ နေရာမှာ တိုက်နယ်ဆေးရုံ(၁)ရုံလောက် ချထားပေးမယ်ဆိုရင်တော့ ရပ်သူ/ရပ်သားတွေ၊ ကျေးရွာသူ/ကျေးရွာသားတွေ အကျိုးရှိမယ်။ ဒီလူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းလာလိမ့်မယ်လို့ မျှော်လင့်ရင်းနဲ့ ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။

အဲဒါကြောင့် နဂူမေကျေးရွာအတွက် တိုက်နယ်ဆေးရုံ(၁)ရုံ ချမှတ်ပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်(ခေါ်) ဦးအောင်ကျော်ဦး ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအား ပြန်လည်ဖြေကြား ခွင့်ပြုပါခင်ဗျား။

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေကျေးရွာမှာ တိုက်နယ်ဆေးရုံချထားပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ နဂူမေကျေးလက်ကျန်းမာရေးဌာနတွင် ကျေးရွာအုပ်စုပေါင်း(၁၆)အုပ်စုနဲ့ ကျေးရွာပေါင်း(၃၆)ရွာ၊ အိမ်ခြေ(၆၃၀၅)အိမ်၊ လူဦးရေ(၃၀၂၆၂)ဦးရှိပြီး၊ အပေါက်ဝတိုက်နယ်ဆေးရုံနဲ့ (၁၀)မိုင်၊ မြို့နယ်ပြည်သူ့ဆေးရုံနဲ့

(၂၁.၇)မိုင် ကွာဝေးပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာ ရေလမ်းခရီးဖြင့်သာ အဓိကအားထားရပါသဖြင့် နဂူမေ ကျေးရွာအုပ်စုမှာ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ(၁)ရုံကို ဖွဲ့စည်းပုံခွင့်ပြုမိန့် ရရှိရန်အတွက် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စီစဥ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

(၁၆)ခုတင်စံကိုက် အဆောက်အဦ ဆောက်လုပ်ပေးရန်နဲ့ ပတ်သက်ပြီး အမျိုးသား ကျန်းမာရေး (၅)နှစ် စီမံကိန်းမှာ ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ချင်းပြည်နယ် မတူပီမြို့နယ် လိုင်လင်းတဲကျေးရွာတွင် သောက်သုံးရေအတွက် ၂ လက်မ PVC ရေပိုက် ဝယ်ယူရန် လိုအပ်သော ငွေကျပ်သိန်း ၄၀၀ ကို ၂၀၁၅-၂၀၁၆ ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျံလွင် က ချင်း ပြည်နယ် မတူပီမြို့နယ် လိုင်လင်းတဲ ကျေးရွာတွင် သောက်သုံးရေအတွက် ၂ လက်မ PVC ရေပိုက် ဝယ် ယူရန် လိုအပ်သော ငွေကျပ်သိန်း ၄၀၀ ကို ၂၀၁၅-၂၀၁၆ ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ချပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးပေါ်လျံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။　　။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ချင်းပြည်နယ်အမှတ်(၉) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျံလွင် က အောက်ပါမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မတူပီမြို့မှာရှိတဲ့ လိုင်လင်းတဲကျေးရွာဟာ အိမ်ခြေ(၁၈၀)ကျော်ရှိပြီး သောက်သုံးရေ အလွန်ရှားပါးပါတယ်။ ရွာမှ (၁)မိုင်ခွဲခန့်ဝေးတဲ့ အောက်ရွာကို စမ်းရေကိုသွယ်ယူခပ်ပြီး သူတို့ အသုံးပြုလျက် ရှိနေပါတယ်။ နွေပိုင်းမှာဆိုရင် ရေအလွန်ရှားပါးမှုကြောင့် မိုးတွင်းမှာရွာတဲ့ မိုးရေ ကိုခံပြီး တစ်နွေလုံး သောက်သုံးရေအဖြစ် သောက်သုံးရကြောင်း သိရှိရပါတယ်။ ပြည်နယ်အစိုးရကို ခန့်မှန်းငွေကျပ် ငွေစာရင်းနဲ့ တွက်ချက်မှု ဇယားအား မြို့နယ်များအဆင့်ဆင့် ထောက်ခံချက်ရယူပြီး ပြည်နယ်အစိုးရထံကို တင်ပြလျှောက်ထားပြီး ဖြစ်ပါတယ်။ သို့သော်လည်း ယနေ့အထိ ၂၀၁၅-၂၀၁၆ အထိ မရရှိသေးပါသဖြင့် ဒီ မေးခွန်းကို ထပ်မံမေးရပါတယ်။ ဒီရွာဟာ စမ်းရေသွယ်ယူရမှာ ဖြစ်တဲ့အတွက် ရွာမှ(၉)မိုင်ခန့် ကွာဝေးတဲ့ ဒီ (၄)မိုင်ခန့် အတွက်ကိုသာလျှင် (၂)လက်မ PVC ရေပိုက်ကို ထောက်ပံ့ ပေးနိုင်ရန် ၂၀၁၅-၂၀၁၆ ဒုတိယဖြည့်စွက်ရန်ပုံငွေ (သို့မဟုတ်)၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ထောက်ပံ့ ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ကျွန်တော့်အနေနဲ့ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေး နှစ်မှာ ရန်ပုံငွေ ကျပ်၊ ယခုနှစ် ၂၀၁၅-၂၀၁၆ မှာ ကျွန်တော်တို့ (၉၂၁.၅)သန်း ရေပေးရေးလုပ်ငန်းအတွက် ခွင့်ပြုထားပါတယ်။ မြို့နယ်အားဖြင့် (၉)မြို့နယ်၊ ကျေးရွာအားဖြင့် ရွာပေါင်း(၅၀)၊ လက်တူးတွင်း(၁၀)တွင်း၊ ရေကန် (၂)ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၄၇)ခု စုစုပေါင်းလုပ်ငန်း(၅၉)ခုကို (၉၂၁.၅)သန်းဖြင့် ခွင့်ပြုထားပါတယ်။ ၂၀၁၆-၂၀၁၇ လာမယ့်ဘဏ္ဍာရေးနှစ်မှာလည်း ရန်ပုံငွေ (၇၇၂.၁၉) သန်း၊ မြို့နယ်အားဖြင့် (၉)မြို့နယ်၊ ကျေးရွာအားဖြင့် (၃၇)ရွာ၊ စိမ့်စမ်းရေသွယ်လုပ်ငန်း(၂၇)ခု၊ အခြားရေသွယ်လုပ်ငန်း(၁၀)ခု စုစုပေါင်း (၃၇)ခု ဆောင်ရွက်ရန် လျာထားပြီးတော့ တင်ပြထားပါ တယ်။

မတူပီမြို့နယ်ချုပ်အနေနဲ့ တင်ပြရလျှင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ (၈၇.၂၅)သန်း၊ ကျေးရွာ(၄)ရွာနဲ့ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း (၄)ခုဆောင်ရွက်ခွင့်ပြုထားပါတယ်။ လာမယ့်နှစ် ၂၀၁၆-၂၀၁၇ဘဏ္ဍာရေး နှစ်မှာ လျာထားချက် အနေနဲ့တင်ပြ ရလျှင် ရန်ပုံ ငွေ(၁၀၃.၇၃၅)သန်း၊ ကျေးရွာအားဖြင့် (၅)ရွာ၊ စိမ့်စမ်းရေသွယ်လုပ်ငန်း(၃)ခု၊ အခြားရေသွယ် လုပ်ငန်း(၂)ခု၊ စုစုပေါင်း ရေရရှိရေးလုပ်ငန်း(၅)ခု ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါတယ်။ သို့သော် လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မတူပီမြို့နယ်၊ လိုင်လင်းတဲ ကျေးရွာမှာ သောက်သုံးရေ ရရှိရေးအတွက် (၂)လက်မ PVC ပိုက် ရေသွယ်ရေးလုပ်ငန်းအတွက် လိုအပ်ငွေ သိန်း (၄၀၀)ကို ၂၀၁၅-၂၀၁၆ ဖြည့်စွက်(သို့မဟုတ်) ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ချထားပေးဖို့ အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်၍ မေးမြန်းမှုအပေါ်မှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေနဲ့ လတ်တလော ပါဝင်ခြင်းမရှိသေးပါကြောင်း လျာထား ခြင်းမရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

တစ်နည်းအားဖြင့် ယခုလာမယ့်နှစ် ၂၀၁၆-၂၀၁၇ မှာ (၁၀၃.၇၃)သန်း၊ လုပ်ငန်း(၅)ခုပေါ့။ စိမ့်စမ်း ရေသွယ်ယူခြင်း လုပ်ငန်း (၃)ခုရှိပါတယ်။ အခြားရေသွယ်လုပ်ငန်း (၂)ခု၊ ဒါတွေကနေပြီးတော့ သူတို့မျှ ဝေပြီးတော့ သူတို့ ခေါင်းပြောင်းပြီးတော့ သုံးရင်လည်း သူတို့အနေနဲ့ ရနိုင်မှာဖြစ်ကြောင်း အကြံပြု တင်ပြလိုပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့ ဆောင်ရွက်ရန် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သေဒဏ်ကျအကျဉ်းသားများ၊ လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသားများနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က သေဒဏ်ကျ အကျဉ်းသားများ၊ လွတ်ငြိမ်းချမ်းသာခွင့်ရ အကျဉ်းသားများနဲ့ စပ်လျဉ်း၍ သိရှိလိုတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အာဏာရှင်နိုင်ငံတွေမှာ လူတွေဟာ ပျောက်ပျောက်သွား ပေမယ့် ဒီမိုကရေစီ နိုင်ငံတွေမှာတော့ အကျဉ်းထောင်ထဲမှာ အကျဉ်းသား အရေအတွက် မည်မျှရှိတယ် ဆိုတာသိရှိနိုင်ပါတယ် ခင်ဗျား။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတာကတော့ ယခု အစိုးရလက်ထက်မတိုင်မီ အကျဉ်းထောင်များမှာ သေဒဏ်ကျ အကျဉ်းသားအရေအတွက် မည်မျှရှိပါ သနည်း။ ယခု အစိုးရလက်ထက်မှာ သေဒဏ်ကျ အကျဉ်းသား အရေအတွက် မည်မျှရှိပါသနည်း။ ဒီ သေဒဏ်ကျ အကျဉ်းသားအရေအတွက်တွေကို ယခုအစိုးရလက်ထက်မှာ မည်မျှကို ကွပ်မျက်ပြီးဖြစ်ပါ သနည်း။ ဆက်လက်မေးမြန်း လိုတာကတော့ သေဒဏ်ကျ အကျဉ်းသားတွေထဲမှာ မည်မျှကိုတော့ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးဖြစ်ကြောင်း မေးမြန်းလိုပါတယ်။

ဒုတိယပိုင်းအနေနဲ့ ကျွန်တော်ဆက်လက်ပြီး တင်ပြလိုတာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ မနှစ်က ကျွန်တော်တို့ ရန်ကုန်မြို့မှာ နာမည်ကြီး လူသတ်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။ အသတ်ခံခဲ့ရတဲ့သူကတော့ မော်ဒယ်ကလေးမလေးတစ်ဦးဖြစ်ပြီး အရွယ်ကောင်းဖြစ်လို့ပါပဲ။ ယခုအခါမှာ ဒီအမှုနဲ့ပတ်သက်လို့ သက်ဆိုင်ရာ မူလတရားရုံးက စီရင်ချက်ချပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီ စီရင်ချက် ပြစ်ဒဏ်ဟာ တရား မျှတမှု မရှိဘူးလို့ မော်ဒယ်မလေးရဲ့တရားလို မိသားစုက ယူဆတဲ့အတွက် အထက်တရားရုံးများကို တက်မည်ဖြစ်ကြောင်း ကျွန်တော် မီဒီယာမှတစ်ဆင့် သိရပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော် မေးမြန်း လိုတာကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု အစိုးရလက်ထက်မှာ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်တွေ အကြိမ်ကြိမ်ပေးခဲ့ပါတယ်။ ဒီလိုအထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အကြိမ်ကြိမ်ပေးခဲ့တဲ့ အကျဉ်းသား တွေကို အုပ်စု အဓိကအားဖြင့် (၂)စုခွဲကြည့်လို့ ရပါတယ်ခင်ဗျား။ ပထမအစုကတော့ နိုင်ငံတော်နဲ့ အစိုးရကို ထိခိုက် နစ်နာအောင်လုပ်တဲ့အမှုတွေပါပဲ၊ ဥပမာ ဆန္ဒပြမှုတွေ၊ အစိုးရကို အကြည်ညိုပျက်စေ မှုတွေ ဖြစ်ပါတယ်။ ဒုတိယလူတွေကတော့ ပုဂ္ဂလိကခြင်း ထိခိုက်နစ်နာအောင်ပြု သော အကျဉ်းသားတွေ ဖြစ်ပါတယ်။ ဥပမာ အသေရေဖျက်မှု၊ ပစ္စည်းဥစ္စာခိုးမှု၊ ဖျက်ဆီးမှု၊ ကိုယ်အင်္ဂါ ထိခိုက်နစ်နာစေမှု၊ မုဒိမ်းမှု၊ လူသတ်မှု ကျူးလွန်သူများ ဖြစ်ပါတယ်။

ဒီလိုလူတွေကိုလည်း ပြစ်ဒဏ်မစေ့မီ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း သိရပါတယ်။ ဒါကြောင့် ဒီလိုအကျဉ်းသား အမျိုးအစားများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းဟာ တစ်ဖက်ထိခိုက် နစ်နာသူများဘက်မှကြည့်လျှင် တရားမျှတမှု ရှိနိုင်၊ မရှိနိုင်။ အကယ်၍ ရှိတယ်ဆိုပါက မည်သို့ရှိကြောင်း ကို ရှင်းလင်းတင်ပြရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း က ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ယုံကြည်နှစ်သက်ရာ ဘာသာအယူဝါဒ၊ ရေမြေသဘာဝနဲ့ ကိုက်ညီတဲ့ ဥပဒေတွေကို ပြဋ္ဌာန်းထားရှိပါတယ်။ ဒီ ဥပဒေတွေအနက် ၁၈၆၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ဥပဒေ၊ ၁၉၄၉ ခုနှစ် လက်နက်အရေးပေါ် ပြစ်ဒဏ်စီရင်မှု ယာယီအက်ဥပဒေ၊ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေ၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေတို့မှာ သေဒဏ်ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားရှိပါတယ်။ ဒီ ဥပဒေတွေကို ချိုးဖောက်တဲ့အတွက် ပြစ်မှုကျူးလွန်သူတွေကို သေဒဏ်ပြစ်ဒဏ် ချမှတ်မှုများရှိပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအစိုးရ မတိုင်မီ သေဒဏ်ကျ အကျဉ်းသား အရေအတွက်က (၆၅၇)ဦး ရှိခဲ့ပါတယ်။ ဒီ သေဒဏ်ပြစ်ဒဏ်ကျ အကျဉ်းသား (၆၅၇)ဦးကို နိုင်ငံတော်သမ္မတရုံးရဲ့ ၁၆-၅-၂၀၁၁ ရက်၊ ရက်စွဲပါ အမိန့်အမှတ် ၂၈/၂၀၁၁ နဲ့ သေဒဏ်ပြစ်ဒဏ်ကနေ ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ကို လျှော့ပေါ့ပြီးတော့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိအစိုးရ လက်ထက်မှာတော့ သေဒဏ်ကျ အကျဉ်းသား (၁၈၁)ဦး ရှိခဲ့ပါတယ်။

ဒီ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် အမိန့်များဖြစ်တဲ့ နိုင်ငံတော်သမ္မတရုံးရဲ့ ၂-၁-၂၀၁၂ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၂ နဲ့ (၃၃)ဦးကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတရုံးရဲ့ ၂-၁-၂၀၁၄ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၄ နဲ့ (၇၁)ဦး ကိုလည်းကောင်း၊ ပေါင်း(၁၀၄)ဦးကို ပြစ်ဒဏ်လွတ်ငြိမ်း ချမ်းသာခွင့်များ ခွင့်ပြုပေးခဲ့ပြီးတော့မှ သေဒဏ်ပြစ်ဒဏ်ကနေ ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်ကို ပြင်ဆင်ချမှတ်ခဲ့ပါတယ်။ အဲဒီလို ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးပြီးတဲ့နောက်ပိုင်း ထပ်မံပြစ်ဒဏ်ကျခံရတဲ့ သေဒဏ်ကျအကျဉ်းသား (၇၇)ဦး ရှိခဲ့တဲ့နေရာမှာ ၂၀-၁-၂၀၁၆ ရက်နေ့မတိုင်မီ အကြောင်းအမျိုးမျိုးကြောင့် သေဒဏ်ပြစ်ဒဏ် စီရင်ခြင်းခံထားရတဲ့ သေဒဏ်ကျ အကျဉ်းသားတွေကို ပြစ်ဒဏ်လျှော့ပေါ့ပြောင်းလဲပေးပြီးတော့မှ ၂၂-၁-၂၀၁၆ ရက်နေ့မှာ ထောင်ဒဏ်တစ်သက် နှစ်အကန့်အသတ် မရှိသို့ ပြင်ဆင်ပေးခဲ့ပါတယ်။

ဒါကြောင့်မို့လို့ (၄)ကြိမ် ပြစ်ဒဏ်ပြင်ဆင် ပြောင်းလဲခဲ့ရာမှာ အစိုးရသစ်မတိုင်မီ ကျန်ရှိနေတဲ့ သေဒဏ်ကျအကျဉ်းသား (၆၅၇)ဦးနဲ့ အစိုးရသစ်ကာလ (၁၈၁)ဦး စုစုပေါင်း သေဒဏ်ကျ အကျဉ်းသား

(၈၃၈)ဦးတို့ကို ထောင်ဒဏ်တစ်သက် နှစ်အကန့်အသတ်မရှိသို့ ပြင်ဆင်ပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် ရရှိခဲ့တဲ့အကျဉ်းသားတွေ အနက်ကတော့ ပုဂ္ဂလိကနစ်နာစေမှု ပြုလုပ်ခဲ့တဲ့ အကျဉ်းသားအရေအတွက်မှာ အသေရေဖျက်မှုနဲ့ (၉၇)ဦး၊ ပစ္စည်းဥစ္စာ ခိုးယူမှုနဲ့ (၅၀၆၄)ဦး၊ ဖျက်ဆီးမှုနဲ့ (၃၃၄)ဦး၊ ကိုယ်အင်္ဂါထိခိုက်နစ်နာစေမှုနဲ့ (၁၉၇၉)ဦး၊ မုဒိမ်းမှုနဲ့ (၁၇၂၆)ဦး၊ လူသတ်မှုနဲ့ (၂၃၇၄)ဦးတို့ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ စုစုပေါင်း(၁၁၅၇၄)ဦးတို့ကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်နဲ့လွှတ်ပေးခဲ့ပါတယ်။

ဒီ လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့တဲ့အတွက် တစ်ဖက်ထိခိုက်နစ်နာရသူများဘက်မှ ကြည့်လျှင် တရားမျှတမှု ရှိနိုင်၊ မရှိနိုင် အကြောင်းအရာ အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ နဲ့အညီ ထုတ်ပြန်ထားတဲ့ နိုင်ငံတော်သမ္မတရုံးရဲ့ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်များမှာ အောက်ပါအတိုင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၁၆-၅-၂၀၁၁ ရက်နေ့၊ ရက်စွဲပါ အမိန့် ၂၈/၂၀၁၁ မှာ ဖော်ပြထားတာကတော့ နိုင်ငံတော်သစ် တည်ဆောက်ရာမှာ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်သူများအား တရားဥပဒေနဲ့အညီ ပြစ်ဒဏ်များ ချမှတ်ခဲ့ရပါသည်။ သို့ရာတွင် ပြစ်ဒဏ်ကျ အကျဉ်းသားများအား နိုင်ငံတော်သစ် တည်ဆောက်ရာမှာ တစ်ဖက်တစ်လမ်းကနေ အကျိုးပြုစေမယ့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန် စီမံဆောင်ရွက်လျက် ရှိပါသည်။ သို့ဖြစ်၍ အကျဉ်းသားများအား လူသားချင်း စာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအားဖြင့်လည်းကောင်း လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့ပါသည်ဟု ဖော်ပြထားပါတယ်။

ဒီ နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၁၀-၂၀၁၁ ရက်၊ ရက်စွဲပါအမိန့် ၄၉/၂၀၁၁ မှာ ဖော်ပြထားတာကတော့ ပြစ်ဒဏ်စီရင်ခြင်းခံရတဲ့ အသက်အရွယ်ကြီးရင့်သူများ၊ ကျန်းမာရေးမကောင်းသူများ၊ ကိုယ်လက်အင်္ဂါချို့တဲ့သူများ အပါအဝင် အကျဉ်းသားများ အားလုံးအနက်မှ ထိုက်သင့်သော ပြစ်ဒဏ်ကျခံပြီး စည်းကမ်းနဲ့အကျင့်စာရိတ္တ ကောင်းမွန်လာသော အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲပေးနိုင်ရန် အစီအမံများ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလိုပါသည် ဆိုပြီးတော့ ဖော်ပြထားပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ ၁၁-၁၀-၂၀၁၁ ရက်၊ ရက်စွဲပါ အမိန့်အမှတ် ၄၉/၂၀၁၁ မှာ ဖော်ပြထားတာကတော့ ထိုက်သင့်တဲ့ ပြစ်ဒဏ်တွေကို ကျခံပြီးဖြစ်တဲ့ စည်းကမ်းနဲ့ အကျင့်စာရိတ္တ ကောင်းမွန်လာသော အကျဉ်းသားများအား လူသားချင်း စာနာထောက်ထားမှုနဲ့ သနားချစ်ခင်မှုတို့ကို အလေးထားတဲ့အနေနဲ့လည်းကောင်း၊ ယင်းတို့ရဲ့ မိသားစုများကို ငဲ့ညှာသောအနေနဲ့လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတော်၏ မေတ္တာနှင့်စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် အများပြည်သူများနှင့်အတူ တာဝန်ထမ်းဆောင်သွားစေနိုင်ရန်အတွက်လည်းကောင်း၊ ပြစ်ဒဏ်အသီးသီးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည် ဆိုပြီးတော့ ဖော်ပြခဲ့ပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ ၃၀-၁၂-၂၀၁၃ ရက်စွဲပါ အမိန့်အမှတ် ၅၁/၂၀၁၃ မှာ ဖော်ပြထားတာကတော့ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှု ဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များမှ အားလုံး

ပါဝင်နိုင်စေရေးအတွက်လည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုကို အလေးပေးသောအားဖြင့် လည်းကောင်း၊ နိုင်ငံတော်ရဲ့ မေတ္တာနဲ့ စေတနာကို နားလည်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးမှာ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ် ပြုပြင်ပြောင်းလဲစေရေးအတွက် လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အား ထုတ်ပြန်ခဲ့ကြောင်း ဖော်ပြထားပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ ၂-၁-၂၀၁၄ ရက်စွဲပါအမိန့်အမှတ် ၁/၂၀၁၄ မှာတော့ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တို့အတွက်လည်းကောင်း၊ လူသားချင်း စာနာထောက်ထား မှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည် ဆိုပြီးတော့ ဖော်ပြခဲ့တာ ရှိပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၉-၇-၂၀၁၅ ရက်စွဲပါစာနဲ့ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့တဲ့နေရာမှာ အကျဉ်းထောင်အသီးသီးမှာ အပြစ်ဒဏ်ကျခံလျက်ရှိတဲ့ အကျဉ်းသားတွေအနက်က ကျခံပြီးကာလ (၁)နှစ်နဲ့ အထက်ရှိပြီးတော့မှ ကျန်ကာလ (၁)နှစ်အောက်ရှိတဲ့ အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း (၆၇၆၈)ဦးကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ ၁ နဲ့အညီ လွတ်ငြိမ်းချမ်းသာခွင့် ပြုခဲ့ ပါတယ်။

နိုင်ငံတော်သမ္မတရုံးရဲ့ လွတ်ငြိမ်းခွင့်အမိန့်များကို လေ့လာမယ်ဆိုလို့ရှိရင် နိုင်ငံသားများ အပေါ်ထားရှိတဲ့ မွန်မြတ်သန့်စင်တဲ့ ရည်ရွယ်ချက်ကောင်းများကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ လွတ်ငြိမ်းခွင့် ပြုခဲ့တဲ့ အကျဉ်းသားများဟာ ထိုက်သင့်တဲ့ ပြစ်ဒဏ်ခံစားပြီးသူ၊ အကျဉ်းထောင်အတွင်း ရှိနေစဉ် စည်းကမ်းနဲ့ အကျင့်စာရိတ္တ ကောင်းမွန်သူများသာ ဖြစ်ပါတယ်။ အကျဉ်းထောင်မှ လွတ်မြောက်ပြီးသူ အနည်းစုသာလျှင် အကျဉ်းထောင်မှ လွတ်မြောက်ပြီးတဲ့နောက်ပိုင်းမှာ ပြစ်မှုထပ်မံကျူးလွန်မှု ရှိတာကို တွေ့ရှိပါတယ်။ အဲဒီလို ကျူးလွန်ခြင်းဟာလည်း ကာယကံရှင်နဲ့သာ သက်ဆိုင်တဲ့အပိုင်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရုံးမှ လွတ်ငြိမ်းခွင့်ပေးရာမှာ အစိုးရကို နစ်နာအောင် ပြုလုပ်သူ၊ ဌာနဆိုင်ရာကို နစ်နာ အောင်ပြုလုပ်သူ မည်သူမည်ဝါကို နစ်နာအောင်ပြုလုပ်သူ စသည်ဖြင့် မည်သူ့ကိုလွတ်စေ၊ မည်သူ့ကို ချန်စေဟု ခွဲခြားခြင်းမရှိဘဲနဲ့ လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် တစ်ကြိမ် ပေးမည်ဆိုပါက သတ်မှတ်ထားသည့်မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကိုက်ညီပါက ပြစ်ဒဏ်လွတ် ငြိမ်းချမ်းသာခွင့်ပေးမည့်အထဲမှာ ပါဝင်သွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကချင်း နစ်နာမှု ပြုလုပ်ခဲ့တဲ့ အကျဉ်းသားများကိုသာ ရွေးချယ်ပြီးတော့ လွတ်ငြိမ်းခွင့်ပေးခဲ့ခြင်းမျိုး မရှိပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတော်သမ္မတရုံးရဲ့ လွတ်ငြိမ်းခွင့် အမိန့်များဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ရှေ့ရှု ပြီးတော့မှ ကျူးလွန်ခဲ့သူ အကျဉ်းသားတွေအတွက်ရော၊ တစ်ဖက်က ထိခိုက်နစ်နာသူတွေ အတွက်ကိုပါ မျှတမှုရှိအောင် ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းသား စိစစ်ရေးအဖွဲ့ကနေ စိစစ်ထောက်ခံ တင်ပြ ပြီးတော့ နိုင်ငံတော်သမ္မတကနေ စဉ်းစားသုံးသပ်ပြီးတော့ မွန်မြတ်သန့်စင်တဲ့ ရည်ရွယ်ချက်ကောင်းများ နဲ့ ဆောင်ရွက်ပေးခဲ့ခြင်းသာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးရဲ့ ဖြေကြားချက်အရဆိုလို့ရှိရင် ယခု အစိုးရလက်ထက်မှာ သေဒဏ်ကျ

အကျဉ်းသား တစ်ဦးတစ်ယောက်ကိုမျှ ကွပ်မျက်ခြင်းမရှိခဲ့ဘူးဆိုတာ ဟုတ်ပါသလားခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သေဒဏ်ကျအကျဉ်းသားများကို ဒီအစိုးရ လက်ထက်မှာမှ မဟုတ်ပါဘူး။ ၁၉၈၈ ခုနှစ် နောက်ပိုင်းကတည်းက လုံးဝကွပ်မျက်စီရင်ခဲ့ခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း တင်သွင်းထားသည့် တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၅)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိမ်းဆွေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ထွန်း အဆိုတင်သွင်းထားတဲ့ တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ၊ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနဲ့ စိုက်ပျိုးစရိတ် ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးရေးဟာအရေးကြီးပါတယ်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေမှာလည်း အခန်း(၂) ပုဒ်မ ၃(ဂ)မှာ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနဲ့ ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန် ဆိုပြီးတော့ ထည့်သွင်းရေးဆွဲထားပါတယ်။ ဥပဒေရဲ့အခန်း(၃)

ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်များဆိုတဲ့ အပိုဒ် ၅(ဆ)မှာလည်း ပါဝင်ပါတယ်။ နောက်တစ်ခါ ဥပဒေရဲ့ အခန်း(၄) ပုဒ်မ ၉ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများ ရသင့်ရထိုက်သော အောက်ပါအခွင့်အရေးများနှင့် အကျိုးစီးပွားများကို ဆောင်ရွက်ပေးရမည် ဆိုပြီးတော့ ပုဒ်မ ၉ ပုဒ်မခွဲ (ဂ)မှာ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်းဆိုပြီးတော့ အတိအလင်း ဥပဒေမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ဆိုပြီးတော့ တစ်ခါထပ်ပြီးတော့ အခန်း(၃) ပုဒ်မ ၄ ဦးဆောင်အဖွဲ့ ဖွဲ့စည်းတာကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တွေအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဖွဲ့စည်းရမယ်လို့ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ဥပဒေကို ပြင်ဆင်ရေးဆွဲ လွှတ်တော်ကနေ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဒါပေမဲ့ နောက်တစ်ခါ နည်းဥပဒေရဲ့ အခန်း(၉)မှာလည်း လယ်ယာထွက်ကုန်များကို သင့်တင့်မျှတတဲ့ ဈေးနှုန်းနဲ့ ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်းဆိုပြီးတော့ အခန်းခေါင်းစဉ်ကိုလည်း ထည့်သွင်းရေးဆွဲထားပါတယ်ခင်ဗျား။

ဒါပေမဲ့ လက်တွေ့မှာ ထိရောက်အောင်မြင်မှု မရှိဘူးဆိုတာကိုတော့ ဖြစ်ရပ်မှန်အတိုင်းပဲ မှန်မှန်ကန်ကန် တင်ပြဆွေးနွေးလိုပါတယ်။ ဒါ ဘာကြောင့်လဲဆိုတဲ့ အဖြေကိုလည်း ကျွန်တော်တို့ ဝိုင်းဝန်းရှာဖွေကြဖို့၊ ဥပဒေ၊ နည်းဥပဒေတွေ အသက်ဝင်ဖို့၊ ထည့်သွင်းရေးဆွဲထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေဟာ လက်တွေ့မှာ ဘာကြောင့် အသက်ဝင်လှုပ်ရှားမှု မရှိတာလဲ၊ ထိရောက်တဲ့အကာအကွယ်ပေးမှုတွေ လွန်စွာ နည်းပါးနေတာတွေကို သေသေချာချာ ကျွန်တော်တို့အားလုံး ပြန်လည်စိစစ်သုံးသပ်ဖို့ လိုမယ်လို့ အကြံပြု ချင်ပါတယ်ခင်ဗျား။ တောင်သူလယ်သမားအများစုဟာ လုပ်ငန်းခွင် ဝင်ချိန်မှာဆိုရင် အရင်းအနှီး လုံလောက်မှုမရှိပါဘူး။ ဒါကိုလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ထွန်း ဆွေးနွေး သွားတဲ့အထဲမှာ ပါပါတယ်။ ဒီအတွက် ကျွန်တော်တို့ အပြင်ကနေပြီးတော့ အတိုးနှုန်းနဲ့ ချေးယူရပါတယ်။ (၂)ကျပ်တိုးကနေပြီးတော့ (၈)ကျပ်တိုးထိကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ချေးယူကြပါတယ်။ စပါးပေါ်ချိန်မှာ အတိုးနဲ့ အရင်းပေါင်းပြီးတော့ ပေးဆပ်ကြရပါတယ်။ စပါးပေးနဲ့ဆပ်တဲ့ လယ်သမားတွေဆိုရင် ကျွန်တော် တို့ မျက်မြင်ပါပဲ ကြွေးဆပ်ပြီးတာနဲ့ ဝမ်းစာတောင်မကျန်ဘဲနဲ့နေရတဲ့ လယ်သမားတွေ တချို့ မြင်တွေ့ခဲ့ရ ပါတယ်။ ဒါကြောင့် စပါးပေါ်ချိန်မှာ ပေါက်ဈေးက အင်မတန်အရေးကြီးပါတယ်။ စိုက်ပျိုးထွန်ယက်ချိန် ကနေစပြီးတော့ စပါးပေါ်ချိန်အထိကို ရင်းနှီးမြှုပ်နှံရတဲ့ ကုန်ကျစရိတ်ဟာ ပေါက်ဈေးထက် လျော့နည်း ကွာဟနေမှသာလျှင် လယ်သမားအတွက် အသက်ရှုပေါက်ချောင် မှာဖြစ်ပါတယ်။ လယ်သမားတွေအတွက် အသက်ရှုပေါက်တိုးရဖို့ နည်းလမ်းပေါင်းစုံနဲ့ အခက်အခဲဖြစ်နေမှုတွေကို ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြဖို့ လိုအပ်ပါတယ်။ ဒီအတွက် စိုက်ပျိုးထွန်ယက်ချိန်မှာ စိုက်ပျိုးစရိတ်ချေးငွေ မလုံလောက်လို့ အပြင်ကနေ အတိုးနဲ့ဆွဲပြီးတော့ လုပ်ကိုင်နေရတာကို သက်သာရာရဖို့အတွက် စိုက်ပျိုးစရိတ်ချေးငွေတွေကို တိုးပြီးတော့ ထုတ်ချေးပေးစေလိုကြောင်း အကြံပြုတင်ပြလိုပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းမှာပဲ ကျေးရွာတော်တော်များများမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကိုလည်း တာဝန်ရှိသူတွေက လက်တွေ့ကျကျ ကိုင်တွယ်ဖြေရှင်းပေးဖို့ တင်ပြချင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ စိုက်ပျိုးစရိတ်ချေးငွေတွေကို ထုတ်ယူရာမှာ တောင်သူလယ်သမားအချို့ဟာ အခက်အခဲတွေနဲ့ ကြုံတွေ့နေရပါတယ်။ အချို့သော ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ၎င်းတို့ဖွဲ့စည်းထားတဲ့ ဘဏ်ကော်မတီအဖွဲ့ဝင်တွေဟာ လယ်သမားတွေ အမတော်ကြေး ထုတ်ယူရာမှာ လယ်

သမားတစ်ဦးကို (၁၅၀၀)ကျပ်၊ (၂၀၀၀)ကျပ် တောင်းခံပါတယ်။ ငွေမပေးဘူးဆိုရင် ထောက်ခံချက်မပေးပါဘူး။ စိုက်ပျိုးစရိတ် ချေးငွေတွေ ရရှိရေးကို ဆောင်ရွက်မပေးတာတွေကို ကြုံတွေ့နေရပါတယ်။ လယ်ဧကများတာနဲ့အမျှ ငွေကြေးကောက်ခံမှုတွေကလည်း လယ်သမားအများစုအပေါ်မှာ သိန်းချီပြီးတော့ ရယူနေကြပါတယ်။ လယ်ယာမြေ အရောင်းအဝယ် ပြုလုပ်ရာမှာလည်း တစ်ဧကကို တစ်သောင်း၊ တစ်သောင်းခွဲနှုန်းရရှိမှ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက လက်မှတ်ရေးထိုး ဆောင်ရွက်ပေးခြင်းတွေလည်း ရှိခဲ့ပါတယ်။ ဒါဟာ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဖျာပုံမြို့နယ်နဲ့ ဒေးဒရဲမြို့နယ်မှာ ဒီ စိုက်ပျိုးစရိတ် ချေးငွေအတွက်ကို ငွေတောင်းခံခြင်းခံခဲ့ရတာတွေကို လယ်သမားတွေက မကျေနပ်လို့ သက်ဆိုင်ရာ မြို့နယ်က တာဝန်ရှိတဲ့ အုပ်ချုပ်ရေးမှူးထံကို စာရေးတိုင်ကြားတယ်။ ဒါပေမယ့်လည်း ထူးခြားချက်မရှိဘူး။ အရေးယူဆောင်ရွက်မှုတွေ မရှိဘူး။ အရေးတယူ ဆောင်ရွက်မှုတွေ မရှိဘူး။ ဒီအတွက် တရားရုံးကို ဦးတိုက်လျှောက်ထားပြီးတော့ ကျွန်တော်တို့ တိုင်ကြားပါတယ်။ ဒါပေမယ့်လည်း တရားရုံးက အရေးယူမှုမရှိဘဲနဲ့ တရားသေ လွှတ်ပေးလိုက်တာတွေ ရှိပါတယ်။ အဲဒီလို လွှတ်ပေးလိုက်တဲ့ အခါကျတော့ လယ်သမားတွေအပေါ်မှာ ရဲရဲတင်းတင်း ပိုပြီးတော့ ငွေကြေးတွေ ကောက်ခံလာတယ်။ တောင်းခံလာကြပါတယ်။

ဒါ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေမှာဆိုရင် ကျွန်တော့်ဆီရောက်လာတဲ့ တိုင်စာတွေအရ ကျွန်တော် သိရှိရတယ်။ မြေပြင်ကွင်းဆင်းပြီးတော့လည်း လေ့လာတဲ့အခါမှာ တကယ်ဖြစ်ပျက်နေတာ တွေ့ပါတယ်။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကိုလည်း သွားရောက်ပြီးတော့ ဒီလိုမျိုးဖြစ်နေတဲ့ ကိစ္စတွေကို ထိန်းကျောင်းဆောင်ရွက်ပေးဖို့ ဆိုတာကိုလည်း ကျွန်တော့်အနေနဲ့ သွားရောက်ပြီးတော့ အကြံပြုတင်ပြခဲ့တာလေးတွေ ရှိပါတယ်။ ဖျာပုံမြို့နယ် ပိုင်ထဲမှာဆိုရင် မြို့ကုန်းကျေးရွာ၊ နောက်မီးကျေးရွာ၊ ဖိုးဘကုန်းကျေးရွာ အဲဒီ အုပ်ချုပ်ရေးမှူးတွေကို နောက်ဆုံးပြောမရတော့ သက်ဆိုင်ရာလယ်သမားတွေက သူတို့တရားရုံးမှာ တရားစွဲတင်ပါတယ်။ မြို့ကုန်းကျေးရွာနဲ့ နောက်မီးကျေးရွာ အုပ်ချုပ်ရေးမှူးတွေကို တရားရုံးကနေ တရားသေ လွှတ်ပေးလိုက်ပါတယ်။ ဖိုးဘကုန်းကျေးရွာက အုပ်ချုပ်ရေးမှူးကိုကျတော့ နှစ်ဖက်ခေါ် ညှိပြီးတော့ နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီးတော့ တရားရုံးမှာကျေအေးခိုင်းလိုက်ပါတယ်။ ဒီလိုဖြစ်စဉ်လေးတွေကို တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက ဝိုင်းကြီးချုပ်စနစ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် နည်းနည်း ဆွေးနွေးတင်ပြလိုပါတယ်။ တချို့ကျေးရွာတွေမှာ အုပ်ချုပ်ရေးမှူးတွေက လယ်မလုပ်တဲ့ သူတွေကို စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ချေးပြီးတော့ ဆောင်ရွက်နေတာတွေ ရှိပါတယ်။ လက်တွေ့ပါ။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော် နယ်မြေ ရောက်တုန်းကိုပဲ နောက်မီး ကျေးရွာကနေပြီးတော့ တိုင်စာတစ်စောင် လက်ခံရရှိလိုက်ပါသေးတယ်။ ဒါ အများကြီးပါ တိုင်စာတွေကတော့ ဒီထဲထဲမှာ၊ အဲဒီတော့ ဒီနေရာမှာ စိုက်ပျိုးစရိတ်ချေးငွေကို ထုတ်ချေးတဲ့အခါမှာ လယ်သမားတွေကို ဝိုင်းကြီးချုပ်စနစ်နဲ့ ချေးတာကို ပြန်သုံးသပ်ဖို့ လိုပြီလို့ ဆွေးနွေးတင်ပြချင်ပါတယ်ခင်ဗျား။ လယ်သမားတွေရဲ့ ဆန္ဒ မပါဘဲနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေက ၎င်းတို့ သဘောကျရတဲ့သူတွေနဲ့ တွဲပေးလိုက်တယ်။ အဲဒီလို တွဲပေးလိုက်တဲ့အခါမှာ လယ်သမားတွေ ဒုက္ခရောက်တာကို ကြုံတွေ့ရပါတယ်။ လယ်ကို သေသေချာချာ မလုပ်ကိုင်တဲ့သူတွေ၊ လယ်မလုပ်ဘဲနဲ့ စိုက်ပျိုးစရိတ် ထုတ်ပေးထားတဲ့သူတွေနဲ့ တွဲပေးလိုက်တဲ့အခါမှာ အမှန်တကယ် စိုက်ပျိုးစရိတ်ချေးငွေကို ကျေပွန်အောင် ပေးဆပ်ခဲ့တဲ့ လယ်သမားတွေက ထပ်မံပြီးတော့ ချေးငွေတွေကို ထုတ်ချေးလို့မရ ဖြစ်နေပါတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ ဝိုင်းကြီးချုပ်စနစ်ကို

ပယ်ဖျက်ပြီးတော့ တာဝန်ကျေပွန်တဲ့ လယ်သမားတွေကို စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ပေးတဲ့ ပုံသဏ္ဌာန် ကို ပြောင်းလဲအသုံးပြုဖို့ လိုအပ်နေပြီလို့ ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။

အနှစ်ချုပ်အနေနဲ့ တင်ပြရရင်တော့ ကျွန်တော်တို့ တောင်သူလယ်သမားတွေ၊ ဥယျာဉ် ကိုင်းသမားတွေရဲ့ ဘဝမြင့်မားတိုးတက်ဖို့အတွက် ခုနက ကျွန်တော်တင်ပြခဲ့တဲ့ အချက်တွေအပြင်ကို စိုက်ပျိုးစရိတ်ချေးငွေတွေ ယခုထက် ထပ်မံပြီးတော့ ပိုမိုပြီးတော့ တိုးမြှင့်ထုတ်ချေးပေးဖို့၊ တောင်သူလယ်သမားတွေရဲ့ မိမိစိုက်ပျိုးတဲ့ မြေနေရာ ဒေသနဲ့ သင့်လျော်ကိုက်ညီတဲ့ မျိုးစပါးသီးနှံတွေကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရန်နဲ့ ဈေးကွက်ရရှိနိုင်ရေးတို့ကို ယခုထက်ပိုပြီးတော့ ညှိနှိုင်း ပူးပေါင်းပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးနိုင်ဖို့၊ နောက်တစ်ခုကတော့ ကျွန်တော်တို့ လယ်ယာသုံး စက်ကိရိယာတွေ၊ ခေတ်မီနည်းပညာတွေကို တောင်သူလယ်သမားတွေနဲ့ ကိုင်းသမားတွေ လက်လှမ်းတစ်မီသိရှိနိုင်ဖို့နဲ့ လိုအပ်တဲ့ ပံ့ပိုးကူညီဆောင်ရွက်မှုတွေကို ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်ပေးနိုင်ဖို့၊ သွင်းအားစုတွေ ဒီဇယ်၊ နေရာဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ၊ မျိုးစပါးတွေ၊ သီးနှံမျိုးစေ့တွေကို သင့်လျော်တဲ့ ဈေးနှုန်းတွေနဲ့ ဖြန့်ဝေပေးနိုင်ဖို့ကို ဝိုင်းဝန်းညှိနှိုင်း ကြိုးပမ်းဆောင်ရွက်ပေးဖို့၊ နောက်တစ်ခုကတော့ သုတေသနလုပ်ငန်းတွေကို ပီပီပြင်ပြင် ယခုထက်ပိုပြီးတော့ အကောင်အထည်ဖော်ပေးစေလိုပါတယ်။ ဒါမှသာလျှင် လက်တွေ့နဲ့ ညှိနှိုင်းပေါင်းစပ်ပေးနိုင်မှု အားကောင်းလာပြီးတော့ ကျွန်တော်တို့ လယ်သမားတွေရဲ့ ဘဝပြဿနာကို လက်တွေ့ကျကျ ဖြေရှင်းချဉ်းကပ်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။

နောက်ဆုံးအချက် အနေနဲ့ကတော့ ဒီ ကျွန်တော်တို့ ၂၀၁၂ ရဲ့ လယ်ယာမြေဥပဒေမှာလည်း ပါဝင်ပါတယ်။ လယ်ယာမြေလုပ်ကိုင်ခွင့်လက်မှတ် ပုံစံ(၇)ကို ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေါင်နှံခွင့်တွေ ပြု ထားပါတယ်။ ဒါပေမဲ့ အရင်းအနှီးလိုအပ်တဲ့ အခါမှာ အစိုးရကနေ အသိအမှတ်ပြုထားတဲ့ ဘဏ် သို့မဟုတ် အစိုးရဘဏ်တွေမှာ ဥပဒေနဲ့အညီ ပေါင်နှံရမယ်လို့ ဥပဒေမှာဆိုထားပေမယ့် ကျွန်တော်တို့ရဲ့ ဖျာပုံခရိုင်အတွင်းမှာတော့ အပေါင်ခံတဲ့ ဘဏ်ဆိုတာကို သတ်သတ်မှတ်မှတ်မရှိတဲ့အတွက် လယ်သမားတွေက ပြင်ပပုဂ္ဂိုလ်တွေနဲ့ ချိတ်ဆက်ပြီးတော့ ဒီ ပုံစံ(၇)ကို အာမခံထားတယ်။ ချေးယူတယ်။ အရောင်းအဝယ်သဘောမျိုးတွေ၊ ချေးငှားခြင်းတွေကို နားလည်မှုနဲ့ လုပ်နေကြတာကို ကြုံတွေ့နေရပါတယ်။ အဲဒီတော့ ဒီနေရာမှာ သဘာဝဘေးအန္တရာယ်တို့၊ အခက်အခဲပြဿနာ တစ်ခုခုနဲ့ မြေဆီသြဇာကြောင့်သော်လည်းကောင်း၊ လယ်ယာမြေမှာ အခက်အခဲ တစ်မျိုးမျိုးကြောင့် အချိန်မီပြန်လည်မပေးဆပ်နိုင်ဘူးဆိုရင် စာချုပ်မှာ လက်မှတ်ထိုးထားတဲ့ ဥပဒေကြောင်းကို တချို့လယ်သမားတွေက ငွေကြေးရလိုမှုနဲ့ ယူလိုက်တဲ့အချိန်မှာ စာချုပ်ကို သေချာမဖတ်တဲ့အတွက် နားမလည်လို့ ရိုးသားတဲ့လယ်သမားဟာ လယ်ယာမြေဆုံးရှုံးမှု ပြဿနာတွေကို ကြုံတွေ့နေရတာတွေဟာ အနမတဂ္ဂ ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ဒီလိုပြဿနာမျိုးတွေကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်ပြီးတော့ လယ်သမားတွေရဲ့ လက်တွေ့ဘဝကို မြှင့်တင်ပေးနိုင်ဖို့၊ လက်တွေ့ကျကျ ဆောင်ရွက်ပေးနိုင်ဖို့အတွက် တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနိုင်ငံအဖြစ် ရောက်ရှိရန် ရည်မှန်းချက်များ ချမှတ်ထားပါတယ်။ အလားတူပဲ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ကြတဲ့ တောင်သူလယ်သမားများဟာလည်း အများစုဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ထမင်းကို အဓိကထား စားသုံးကြပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ဖို့ အဓိက စားနပ်ရိက္ခာဖူလုံဖို့၊ အခြေခံ တောင်သူလယ်သမားများရဲ့ လယ်ယာလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်အောင်မြင်ဖို့အရေးဟာ နိုင်ငံရဲ့ အဓိကကျတဲ့ လုပ်ငန်းစဥ်ဖြစ်ပါတယ်။ အဆိုရှင် တင်ပြချက်ကို လေ့လာပါက အဓိက(၂)ချက်ဖြစ်တဲ့ ဈေးကွက်ညှိနှိုင်းပေးရေးနဲ့ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးတို့ ဖြစ်ပါတယ်။ နိုင်ငံတော်ဟာ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေတာဖြစ်လို့ ဈေးကွက်အခြေအနေ၊ ဝယ်လိုအား၊ ရောင်းလိုအား၊ စိုက်ပျိုးမှုနဲ့ ထွက်ရှိမှု နိုင်ငံတကာ ဈေးကွက် အနေအထားတို့ကိုလိုက်ပြီးတော့ တောင်သူတွေ ထိုက်သင့်တဲ့စပါးဈေးနှုန်း ရရှိအောင် ထိန်းသိမ်းကြပ်မတ်ဖို့ လိုအပ်ပါတယ်။

စပါးဈေးနှုန်းနဲ့ ထုတ်လုပ်မှုစရိတ် မကာမိရင်လည်း နိုင်ငံတော်က ထိုက်သင့်တဲ့ ဈေးနှုန်းနဲ့ဝယ်ယူပြီးတော့ ဈေးကွက်ကို ထိန်းညှိကာကွယ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း အစိုးရဘက်၊ တောင်သူလယ်သမားဘက် နှစ်ဖက်စလုံးက မှန်မှန်ကန်ကန် စေတနာနဲ့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကိုယ့်စီးပွားလို သဘောထားပြီး ဆောင်ရွက်သွားမှသာ ရေရှည်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကုန်သွယ်မှု မူဝါဒကိုလည်း အကျိုးအပြစ်၊ အကောင်းအဆိုးတို့ကို ဘက်ပေါင်းစုံက လေ့လာပြီး နိုင်ငံတော်နဲ့ တောင်သူ နှစ်ဖက်စလုံးအတွက် စဥ်းစားချမှတ်ဖို့ လိုပါတယ်။ လက်တွေ့ဆောင်ရွက်နေတဲ့ တောင်သူလယ်သမားများ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်စပါး အထူးပြုကုမ္ပဏီများနဲ့ ဆွေးနွေး အဖြေရှာဖို့ လိုမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးစရိတ်ချေးငွေနဲ့ ပတ်သက်လို့ ယခင်က လယ်(၁)ဧကကို ငွေ (၂၀၀၀၀)ကျပ်နှုန်းနဲ့ ထုတ်ချေးခဲ့ရာမှ အခုအခါမှာ (၁၀၀၀၀၀)နှုန်း ထုတ်ချေးပေးခဲ့လို့ နိုင်ငံတော်က တောင်သူတွေအတွက် အလေးထားဆောင်ရွက်ခဲ့သလို တောင်သူတွေလည်း အထိုက်အလျောက် အဆင်ပြေခဲ့ပါတယ်။ ဒါပေမဲ့ အခုအဆိုရှင် တင်ပြသလို လယ်(၁)ဧက ကုန်ကျစရိတ် ဟာ (၁၈၀၀၀၀)ခန့် ဖြစ်လို့ တောင်သူအများစုဟာ ကျန်တဲ့လိုငွေကို အတိုးနှုန်းကြီးစွာပေးပြီးတော့ ချေးငွေများနဲ့ဖြေရှင်းကြရပါတယ်။ ဒါကြောင့်မို့လို့(၁)ဧက ကုန်ကျစရိတ်ဟာအတိုးပေးရငွေနဲ့ ပေါင်းရင်

ဒီထပ်များမှာ ဖြစ်ပါတယ်။ တောင်သူတွေ အကျိုးဖြစ်ထွန်းဖို့က ကုန်ကျစရိတ်ကို လျှော့ချနိုင်မယ့် နည်းလမ်းစုံကို သုံးရမှာဖြစ်ပြီး၊ စပါးဈေးနှုန်းကို ဖြစ်သင့်တဲ့ ဈေးနှုန်း၊ ဈေးနှိမ်မခံရတဲ့ ဈေးနှုန်းဖြစ်ဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ စပါးမျိုးစေ့ကို ကျွန်တော်တို့ မျိုးကောင်းမျိုးသန့် ရရှိရေးနဲ့ အထွက်နှုန်းကောင်းတဲ့ မျိုးတွေနဲ့ ဒါ ကျွန်တော်တို့ တောင်သူတွေ ရရှိပြီးတော့ စိုက်ပျိုးနိုင်ဖို့၊ မျိုးထုတ်ခြံများ၊ မျိုးထုတ်လုပ်ငန်းများကို ထူထောင်ပေးရမှာ ဖြစ်ပါတယ်။ ဒေသအလိုက် လိုအပ်တဲ့ မျိုးများထုတ်နိုင်ဖို့ စီမံဖို့လိုမှာ ဖြစ်ပါတယ်။ အရန်မျိုးစေ့များကိုလည်း သိုလှောင်ထားပြီး လိုအပ်ချိန်မှာ အခက်အခဲ မဖြစ်ရအောင် စီမံရမှာ ဖြစ်ပါတယ်။ ထွန်ယက်ခကို လျှော့ချနိုင်ဖို့လည်း စက်မှုလယ်ယာဦးစီးဌာနက စာရင်းဇယားများ ကောက်ခံပြီး ကိုယ်ပိုင်စက်ကိရိယာမရှိတဲ့ တောင်သူ၊ ကျွဲ၊ နွား၊ ထွန်ထယ်မရှိတဲ့ တောင်သူများအတွက် သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ထွန်ယက်ပေးရန် စီမံဖို့လိုမှာ ဖြစ်ပါတယ်။

ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးများကိုလည်း သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ရှိသင့်ရှိထိုက်တဲ့ အရည်အသွေး အစွမ်းရှိမှသာ အကျိုးဖြစ်ထွန်းမှာဖြစ်လို့ စနစ်တကျ ကြပ်မတ်စစ်ဆေးပြီးမှ တင်သွင်းရောင်းချခွင့် ပြုပေးဖို့လည်း စီမံဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ခ လျှော့ချနိုင်ဖို့ကိုလည်း အဆင့်မြင့်လယ်ယာတွေ ဖော်ထုတ်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကုန်ထုတ်လမ်းကနေ ကား၊ ထော်လာဂျီ၊ လှည်းများနဲ့ လယ်ကွင်းအရောက်သွားပြီး တင်နိုင်မှာဖြစ်သလို ကောက်ရိတ်စက်များနဲ့လည်း ရိတ်သိမ်းနိုင်မှာဖြစ်လို့ ကုန်ကျစရိတ် လျှော့ချနိုင်မှာဖြစ်ပြီးတော့ အချိန်ကုန်လည်း သက်သာသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခေတ်မီဆန်စက်များ တည်ဆောက်ပေးပြီးတော့ ဆန်အထွက်နှုန်းကောင်းလာဖို့ စီမံဖို့လိုသလို ဒီ ဘေးထွက်ပစ္စည်းတွေရဲ့ တန်ဖိုးမြင့်ပြန်လည် ထုတ်လုပ်နိုင်ခြင်းဖြင့်လည်း စပါးဈေးနှုန်း မှန်ကန်ရေးကို အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။

အခုအခါမှာ ဂျပန်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရှိရလို့ ဆန်အရည်အသွေးတစ်ပြေးညီ ဖြစ်လာမှာလည်း ဒါ ကျွန်တော်တို့ ဖြစ်လာမှာပါ။ ဘေးထွက်ပစ္စည်းများဖြစ်တဲ့ ဖွဲနုဆီဟာလည်း ဂျပန်နိုင်ငံက တန်ဖိုးထားကြောင်း သိရှိရပြီး၊ ဖွဲဖတ်ကလည်း ပရိုတင်းများတဲ့ ဒါ တိရစ္ဆာန်အစာဖြစ်လို့ အသုံးဝင်ကြောင်း လေ့လာမိပါတယ်။ ဆန်ကွဲကိုလည်း တန်ဖိုးမြင့် အစာတောင့်လုပ်နိုင်လို့ စပါးဈေးနှုန်း တည်ငြိမ်ရေးကို အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းမှာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းကဏ္ဍနဲ့ ပတ်သက်ပြီး မူဝါဒ(၇)ရပ်မှာလည်း မျိုးကောင်း၊ မျိုးသန့် ရရှိပြီး စပါးစိုက်ပျိုးနိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ တိုးတက်ပြန့်ပွားရေး၊ စိုက်ပျိုးရေးပညာရှင်များ ပေါ်ထွန်းရေး၊ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုလယ်ယာ စနစ်တကျကူးပြောင်းရေး၊ စိုက်ပျိုးရေရရှိရေး၊ လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ လိုက်လျောညီထွေစွာ ပြဋ္ဌာန်းအကောင်အထည်ဖော်ရေးနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေးတို့ကို ချမှတ်ပြီးတော့ လက်တွေ့လုပ်ဆောင်သွားမှသာ တောင်သူလယ်သမားများရဲ့ လယ်ယာလုပ်ငန်းများ ပီပီပြင်ပြင် အောင်မြင်ဖြစ်ထွန်းနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါ့အပြင် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ဖို့ ချမှတ်ထားတဲ့ လုပ်ငန်းစဉ်များကိုလည်း လက်တွေ့ပီပီပြင်ပြင် ဆောင်ရွက်ဖို့လိုမှာဖြစ်ပါတယ်။ လုပ်ငန်းစဉ် တစ်လျှောက်လုံးမှာလည်း အစဉ်ကွင်းဆင်း လေ့လာပြီး အခြေအနေပေါ်မူတည်ပြီး လုပ်ဆောင်သွားဖို့လည်း လိုအပ်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင် ဦးမြင့်ထွန်း ရဲ့ တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေတိုးမြှင့်ပေးနိုင်ရေး အဆိုကို ထောက်ခံကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က အဆိုရှင် ဦးမြင့်ထွန်း ရဲ့ အဆိုကို ထောက်ခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပထမဆုံး လယ်သမားတွေဟာ မိမိတို့ကြိုက်တဲ့ တွက်ခြေကိုက်တဲ့ သီးနှံတွေကို လောလောဆယ် စိုက်ပျိုးဖို့အခွင့်အရေးရှိဖို့ လိုအပ်တာကို တွေ့ရှိရပါတယ်။ သီးနှံပြောင်းလဲစိုက်ပျိုးဖို့ သက်ဆိုင်ရာကို တင်ပြရတယ်ဆိုတာက ဆန်စပါးကို မဟာဗျူဟာ သီးနှံအဖြစ် ယခင်ခေတ်တွေက သတ်မှတ်ထားတဲ့အတွေးအခေါ်ကနေ ဆင်းသက်လာတာလို့ ယူဆနိုင်ပါတယ်။ အခု မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေအားလုံးဟာ ဆန်စပါးကို ပေါများစွာ စိုက်ပျိုးထုတ်လုပ်နိုင်တဲ့အခြေအနေမှာ ရှိပါတယ်။ လိုအပ်လို့ရှိရင်လည်း အလွယ်တကူ နိုင်ငံထဲကို တင်သွင်းဝယ်ယူလို့ရပါတယ်။ နောက်တစ်ခုက လယ်သမားတွေဘက်က တိတိကျကျရပ်တည်ပေးမယ့်ပုဂ္ဂိုလ် အဖွဲ့အစည်းတွေ မရှိဘူးဖြစ်နေတယ်ဆိုတာလည်း ဟုတ်ပါတယ်။ အဲဒါမျိုး လိုအပ်ပါတယ်။ ဆန်စပါး ထုတ်လုပ်ရေးမှာ ကျေးရွာအဆင့် လယ်သမားတွေရဲ့ အကျိုးစီးပွားတိုးတက်ရေးကြောင့် အဖွဲ့အစည်းတွေမရှိလို့ လယ်သမားတွေဟာ အကျိုးစီးပွား ထိခိုက်နေရပါတယ်။

ဖွဲ့စည်းကြပါလို့ တိုက်တွန်းပြန်ရင်လည်း ဖွဲ့နိုင်တဲ့ Capacity က သူတို့မှာ မရှိဘူးဖြစ်နေပါတယ်။ လုပ်နိုင်တာ မလုပ်နိုင်တာ အပထား။ လမ်းစဉ်ပါတီခေတ်ကလောက် အောက်ခြေလယ်သမား အဖွဲ့အစည်းတွေဟာမခိုင်မာဘူးမရှိသေးဘူး ဖြစ်နေပါတယ်။ အစိုးရကသာ တွန်းအားပေးပြီးခိုင်းရင်တော့ သိပ်အခက်အခဲမရှိနိုင်ဘူးလို့ ထင်ပါတယ်။ အခု ကျေးရွာအထောက်အကူပြု ကော်မတီမျိုးလို အဖွဲ့မျိုးတွေ ကော်(၃)ကော်အဖွဲ့မျိုးတွေကို အစိုးရကလုပ်ခိုင်းလို့ရှိရင် အလွယ်တကူဖွဲ့စည်းနိုင်တာကို တွေ့ရှိရပါတယ်။ အောက်ခြေလယ်သမားတွေမပါဘဲ လယ်သမားဘဝကို မြှင့်တင်ရေးကို အပေါ်က လုပ်ရင်လည်း မအောင်မြင်နိုင်ဘူးလို့ ယူဆနိုင်ပါတယ်။ နောက်တစ်ခုက ချေးငွေနဲ့ပတ်သက်ပြီးလည်း ဆွေးနွေးလိုပါတယ်။ ချေးငွေပမာဏ နောက်ထပ်တိုးပေးဖို့ လိုအပ်ပါတယ်။ လယ်ယာလုပ်ငန်းမှာ သွင်းအားစုတွေစိုက်ခဲ့ရတာက အရင်နဲ့မတူပါဘူး။

ဓာတ်မြေဩဇာတန်ဖိုးတွေ၊ လုပ်သားခနဲ့ စက်ကိရိယာတန်ဖိုးတွေက အရင်ကထက်ဈေးတွေတက်လို့လာပါတယ်။ ကျွန်တော်တို့ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်မှာဆိုရင် လယ်ယာကဏ္ဍမှာတာတမံဆည်ဖို့ရေးကိစ္စဟာ အလွန် အရေးကြီးပါတယ်။ နောက် ရိတ်သိမ်းရေးကိစ္စတွေမှာလည်း လုပ်သားခတွေက အရမ်းဈေးကြီးလာပါတယ်။ ဒါကြောင့် ချေးငွေကိုတိုးပေးဖို့လိုအပ်ပါတယ်။ တာတမံတွေဟာ ကျွန်တော်တို့ ပင်လယ်ကမ်းခြေဒေသအတွက် အသက်တမျှအရေးကြီးပါတယ်။ မြန်မာနိုင်ငံ အပေါ်ပိုင်းမှာ ဆည်မြောင်းတွေအရေးကြီးသလို အောက်ပိုင်းမှာလည်း တာတမံတွေဟာ လယ်သမား

တွေအတွက် အလွန်အရေးကြီးပါတယ်။ တာတမံခိုင်တဲ့လယ်တွေဆိုရင် တစ်ဧကထွက်နှုန်းဟာတင်း (၃၀) ပတ်ဝန်းကျင်မှာရှိပါတယ်။ တာတမံကို ကောင်းကောင်းဆယ်နိုင်လို့ရှိရင် တစ်ဧကမှာ တင်း(၆၀) လောက် တိုးတက်ပြီးတော့ ထွက်ရှိနိုင်ပါတယ်။ ကျွန်တော်တို့ဒေသမှာ မိုးများတဲ့အတွက် နှစ်စဉ် နှစ်တိုင်း ဆည်ဖို့ဖို့ တာတမံစရိတ် သွင်းအားစုတွေ လိုအပ်ပါတယ်။

တဖြည်းဖြည်းလည်းဈေးတွေ တက်လာပါတယ်။ တာတမံ နှစ်နှစ်လောက် ဆက်တိုက်ကျိုး သွားပြီဆိုရင် လယ်မြေတွေကို ပစ်ထားခဲ့ပြီးတော့လယ်သမားတွေဟာ တရုတ်တို့၊ မလေးရှားတို့ သွားပြီးတော့ အလုပ်လုပ်တာတွေ ရှိပါတယ်။ ချေးငွေပြန်ဆပ်ရေး၊ ဆိုင်းငံ့ရေးကိစ္စတွေကိုလည်း ဆွေးနွေးလိုပါတယ်။ မြန်မာအကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၂၂ မှာ သဘာဝဘေး ခံစားရတဲ့ လယ်သမားတွေကို ချေးငွေရွှေ့ဆိုင်းရေးကိစ္စတွေကို ပြဋ္ဌာန်းထားပါတယ်။ အစိုးရက ချေးငွေ ရွှေ့ဆိုင်းရေးကိစ္စကို ဒီနေ့အထိ ပြတ်ပြတ်သားသား မပြောတဲ့အတွက် လယ်သမားတွေ စိုးရိမ်ကြောင့်ကြ နေတာ လပေါင်းများစွာ ကြာနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ကမ်းရိုးတန်းမှာ ဆိုရင် ဒီနှစ် ရေနှစ်ကြိမ် ကြီးပါတယ်။

မုန်တိုင်းကလည်း တစ်ကြိမ် ဝင်သွားပါတယ်။ အဲဒီအတွက်ကြောင့် ချေးငွေပြန်ဆပ်ဖို့ကိစ္စကို ရွှေ့ဆိုင်းပေးဖို့ လယ်သမားတွေက တောင်းဆိုတဲ့အတွက် ကျွန်တော်အဓိက ဝင်ရောက် ဆွေးနွေး ပေးတာ ဖြစ်ပါတယ်။ အဲဒီတော့ မရွှေ့ဆိုင်းဘူးဆိုရင် သူတို့ငွေရှင်၊ ကြေးရှင်တွေဆီမှာ အတိုးကြီးကြီးနဲ့ ချေးယူရပြီးတော့ လယ်ယာလုပ်ငန်း ကျဆင်းလာမှာဖြစ်ပါတယ်။ နောက်တစ်ခုက ဈေးကွက်ရရှိရေး ကိစ္စပါ။ ဈေးကွက်မြှင့်တင်ရေးကိစ္စတွေကို ပြည်တွင်းမှာသာမက ပြည်ပနိုင်ငံသွားပြီးတော့ မြှင့်တင် သွားဖို့လည်းလိုအပ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးမှာ တရုတ်ကုန်သည်တွေကလာပြီးတော့ နိုင်ငံအတွင်းမှာ ဝယ်ယူတာထက် သူတို့ဈေးကွက်ထဲမှာ ကိုယ့်ရဲ့ကုန်စည်ကို နမူနာတွေပြ၊ ဒိုင်တွေ ဖွင့်ပြီးတော့ တိုက်ရိုက်အရောင်းမြှင့်တင်ဖို့၊ ဈေးကွက်တိုးချဲ့ဖို့ လိုအပ်နေပါတယ်။ ရခိုင် ဆန်စပါးဈေးကွက်အနေနဲ့ ကတော့ ဈေးကွက်ထဲကိုရောက်ဖို့ (၂၄) နာရီ နောက်ကျပါတယ်။ ရိုးမတောင်ကို ကျော် ဖြတ်နေရတဲ့ အတွက် နောက်တစ်ခုကလည်း မော်တော်ကား စရိတ်စကလည်း အလွန်တရာကြီးမားလာတဲ့အတွက် တင်ပို့ပေမယ့်လည်း အကျိုးအမြတ်က နည်းပါးပါတယ်။

တကယ်လို့ အရင်တုန်းကလို စစ်တွေဆိပ်ကမ်းကနေပြီးတော့ ဆန်စပါးတွေကို သင်္ဘောနဲ့ တင်ပို့ နိုင်လို့ရှိရင် လယ်သမားတွေရဲ့ဝင်ငွေဟာဒီထက် တိုးတက်ရရှိလာဖို့ဖြစ်ပါတယ်။ လေးစားအပ် တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခြုံပြီးပြောရလို့ရှိရင် လယ်သမားအကျိုးစီးပွားမြှင့်တင်ဖို့အတွက် အခုပြဋ္ဌာန်း ထားတဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေဟာ တော်တော်ကောင်းမွန် ပြည့်စုံနေတာကို တွေ့ရပါတယ်။ သက်ဆိုင်ရာအစိုးရနဲ့ ဌာနဆိုင်ရာတွေက ဒီဥပဒေရဲ့ ငါးဆယ်ရာခိုင်နှုန်း လောက်ကိုတောင် ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် ဒီလိုအဆိုမျိုးတွေ ဖြစ်ချင်မှဖြစ်လာမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီသက်ဆိုင်ရာအစိုးရနဲ့ဌာနဆိုင်ရာတွေက ဒီ ဥပဒေပါ အတိုင်း လယ်သမားတွေရဲ့ အကျိုးစီးပွားကိုမြှင့်တင်ဖို့ အောက်ခြေကိုဆင်းပြီးတော့ ကြိုးစားပေးဖို့ လိုအပ်ပါတယ်လို့ ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တ ခဏရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၃။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်း ဦးမြင့်ထွန်း ရဲ့ တောင်သူလယ်သမား၊ ဥယျာဉ်၊ ကိုင်းသမားများဘဝ မြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေးတိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုရဲ့ အပေါ်မှာ အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်နေ ပြည်သူများဖြစ်ကြပြီး အဲဒီထဲက (၆၇)ရာခိုင်နှုန်းသော ပြည်သူတွေဟာ လယ်ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ်နဲ့ အသက်မွေးဝမ်းကျောင်းပြုကြတဲ့ တောင်သူများ ဖြစ်ကြပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ရာခိုင် နှုန်းအများစုကို ပိုင်ဆိုင်ထားတဲ့တောင်သူလယ်သမားများရဲ့ လူမှုဘဝ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှ သူတို့ တစ်ဦးချင်းစီရဲ့ ဝင်ငွေ တိုးတက်မြင့်မားလာပါမှ တိုင်းပြည်ရဲ့စီးပွားရေးလည်း တိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုရဲ့အပေါ်မှာ အောက်ပါအချက်များကို အခြေခံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအချက်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီရရှိရေးနဲ့ လုံလောက်စွာထုတ်ချေးပေးရေး။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးစရိတ်ချေးငွေ ဆိုရာမှာ မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေနဲ့ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကို ဆိုလိုခြင်း ဖြစ်ပါတယ်။ မိုးသီးနှံ အတွက် တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ ဆောင်းသီးနှံအတွက် တစ်ဧကလျှင် နှစ်သောင်းကျပ်နှုန်းဖြင့်လည်းကောင်း၊ တောင်သူတစ်ဦးကို (၁၀)ဧကအထိချေးပေးပါတယ်။ (၁.၅)ရဲ့ အထက် ကို တစ်ဧကအဖြစ် သတ်မှတ်၍ ငွေထုတ်ချေးပေးပြီး (၁.၅)ရဲ့ အောက်ကိုတော့ ငွေထုတ်ပေးခြင်း မရှိပါဘူး။ မိုးသီးနှံချေးငွေကာလဟာ မေလဆန်းမှ စက်တင်ဘာလကုန်အထိ ဖြစ်ပြီး၊ ပြန်ဆပ်ကာလကို တော့ နောက်နှစ် မတ်လကုန်အထိ သတ်မှတ်ထားပါတယ်။ ဆောင်းသီးနှံချေးငွေကာလဟာ စက်တင်ဘာ လမှ ဇန်နဝါရီလကုန်အထိဖြစ်ပြီး ပြန်ဆပ်ကာလကိုတော့ ဇွန်လကုန်အထိ သတ်မှတ်ထားကြောင်း လေ့လာသိရှိရပါတယ်။

လယ်သမားများဟာ မိုးသီးနှံစိုက်ပျိုးဖို့အတွက် မေလလယ် ဇွန်လဆန်းလောက်မှာ လယ်ယာ မြေကိုထွန်ယက်ပြုပြင်ကြပြီးတော့ ဇွန်လကုန်လောက်မှာ စိုက်ပျိုးပြီး ထွန်တုံးပိတ်ကြရပါတယ်။ အဲဒီအချိန် ကာလဟာ လယ်သမားများအတွက် ငွေအလိုအပ်ဆုံးအချိန် ဖြစ်ပါတယ်။ ဒါပေမဲ့ မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေကို အများအားဖြင့် ဇူလိုင်လနဲ့ ဩဂုတ်လ၊ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကိုတော့ အောက်တိုဘာလနဲ့ နိုဝင်ဘာလများမှာသာ ထုတ်ချေးတဲ့အတွက် စိုက်ပျိုးစရိတ် ချေးငွေနဲ့မတူဘဲ ရိတ်သိမ်းစရိတ်ချေးငွေနဲ့ တူနေပါတယ်။ လယ်သမားများဟာ ထွန်ယက်စိုက်ပျိုးချိန်မှာ လိုအပ်တဲ့ငွေကို ငွေရှင်၊ ကြေးရှင်များထံမှာ လယ်ယာမြေပိုင်ဆိုင်မှုလက်မှတ်ပုံစံ(၇)ကို အပ်နှံပြီးအတိုးနဲ့ ချေးယူကြရပါ တယ်။ ဒီနေရာမှာ အတိုးတစ်ကြိမ်ပေးရပါတယ်။ သွင်းအားစုများအတွက် ဓာတ်မြေဩဇာများကို ဝယ်ယူရာတွင်လည်း အရည်အသွေးကိုမကြည့်နိုင်တော့ဘဲ လက်ငင်းမဝယ်နိုင်တဲ့အတွက် အတိုးနှုန်း တင်ပြီး အကြွေးရောင်းတဲ့ဆိုင်မှာပဲ ဝယ်ယူအသုံးပြုကြရတဲ့အတွက် ဒီနေရာမှာ အတိုးတစ်ကြိမ် ပေးရပြန်ပါတယ်။ အစိုးရချေးငွေ ထုတ်ပေးတဲ့အခါမှာ ပုံစံ(၇) အပ်နှံမှသာလျှင်ထုတ်ချေးတဲ့အတွက် မူလကပေါင်နှံထားတဲ့ ပုံစံ(၇)ကို ပြန်ရွေးနိုင်ရန် ငွေရှင်၊ ကြေးရှင်များထံ အလွတ်တိုးနဲ့ငွေချေးပြီး ပုံစံ(၇)ကို ပြန်ရွေးကြရတဲ့အတွက် ဒီနေရာမှာ အတိုးတစ်ကြိမ်ပေးရပြန်ပါတယ်။ ဒါ့ကြောင့် စိုက်ဘဏ် အနေနဲ့ ပုံစံ(၇)ကို သိမ်းမထားသင့်ပါဘူး။

နောက်ပြီးတော့ အစိုးရချေးငွေအတွက် အတိုးတစ်ကြိမ်ထပ်ပေးရဆိုတော့ စိုက်ပျိုးစရိတ် ချေးငွေ အချိန်မီထုတ်ချေးပေးနိုင်ခြင်း မရှိခြင်းဟာ သာမန်လယ်သမားများ အတိုးလေးကြိမ်ပေးရတဲ့ အတွက် လွန်စွာနစ်နာလျက်ရှိကြပါတယ်။ ဒါကြောင့် စိုက်ပျိုးစရိတ်ချေးငွေများကို ခေတ်ကာလနဲ့ လျော်ညီပြီး ကုန်ကျစရိတ် လုံလောက်အောင် အဆိုရှင် တင်ပြခဲ့သလို မိုးသီးနှံ တစ်ဧကကို ကျပ်တစ်သိန်း မှ တစ်သိန်းခွဲအထိလည်းကောင်း၊ ဆောင်းသီးနှံ တစ်ဧကကို ကျပ်နှစ်သောင်းမှ ငါးသောင်းအထိ လည်းကောင်း တိုးမြှင့်ပြီး အချိန်မီ ထုတ်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ဒုတိယအချက်အနေနဲ့ စိုက်ပျိုးစရိတ်ထုတ်ချေးသော စိုက်ဧကများ တိကျမှန်ကန်စေရေး ဖြစ် ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ရပ်ကျေးအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး စိုက်ပျိုးရေးနဲ့ မြေစာရင်းဌာနတို့က အဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ ချေးငွေစီစဉ်ရေးကော်မတီရဲ့ အခန်းကဏ္ဍဟာ အရေးပါ ပါတယ်။ စိစစ်ထောက်ခံတဲ့နေရာမှာ တိကျမှန်ကန်ဖို့လိုပါတယ်။ လက်တွေ့မြေပြင်မှာ မရှိတဲ့လယ်ဧက

စာရင်းတွေ မပါဖို့လိုသလို မြေပြင်မှာရှိနေပြီးတော့ မပါသင့်တဲ့ လယ်ဧကစာရင်းတွေလည်း မပါဖို့လို ပါတယ်။ ဥပမာအနေနဲ့ တင်ပြရရင် ပကတိမြေပြင်မှာ လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲ အသုံးပြုခွင့်ရယူထားခြင်းမရှိဘဲ လယ်ယာမြေထဲမှာ အဆောက်အအုံများ ဆောက်လုပ်ထားသော် လည်း ထိုမြေများဟာ လယ်မြေစာရင်းတွင် ဆက်လက်ပါရှိနေပြီး စိုက်ပျိုးခြင်းမရှိဘဲ စိုက်ပျိုးစရိတ် ချေးငွေ ထုတ်ယူသုံးစွဲနေကြတာကိုလည်း ကြားသိနေရသလို၊ (၁၀)ဧကအထက် ပိုင်ဆိုင်ထားသော တောင်သူလယ်သမားများဟာလည်း (၁၀)ဧကသာ ထုတ်ချေးခွင့်ရရှိပြီး အပိုဧကများကို အခြားသူ များရဲ့ နာမည်အမျိုးမျိုးဖြင့် အစားထိုး ထုတ်ယူသုံးစွဲနေကြတာကိုလည်း ကြားသိနေကြရပါတယ်။

ဒါကြောင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးရာမှာ ချေးငွေစာရင်းများ ဖောင်းပွမှုမရှိစေဘဲ တိကျမှန်ကန်စေဖို့ အကြံပြုဆွေးနွေးလိုပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ အချုပ်အား ဖြင့် ဆွေးနွေးလိုတာကတော့ တောင်သူလယ်သမား၊ ဥယျာဉ် ကိုင်းသမားများဘဝမြင့်မား တိုးတက်ရေး အတွက်ဆိုလျှင် ဈေးကွက်ညှိနှိုင်းပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးခြင်းနဲ့ လုံလောက်လိမ့် မည်ဟု မထင်ပါ။ လယ်သမားများ လူမှုဘဝ၊ စီးပွားရေး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် နေရာဒေသအလိုက် သင့်လျော်တဲ့အတွဲလိုက်ဖြည့်ဆည်းမှု Package Deliveredဆောင်ရွက်သင့်တယ် လို့ အကြံပြုလိုပါတယ်။ အဲဒါတွေကတော့ -

(၁) ဒေသနဲ့ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးမှု၊

(၂) သွင်းအားစုများ ပြည့်မီစွာ ထည့်သွင်းနိုင်ရန်အတွက် လုံလောက်သော ချေးငွေများ ရရှိမှု၊

(၃) ချေးငွေကို စီမံခန့်ခွဲ သုံးစွဲနိုင်စေမည့် စွမ်းဆောင်ရည် မြှင့်တင်ပေးမှု၊

(Financial Management Capacity ကိုဆိုလိုတာပါ)

(၄) ကျေးလက်အခြေပြု သို့မဟုတ် တောင်သူအခြေပြု စိုက်ပျိုးရေးပညာပေး ဆင့်ပွား သင်တန်းများကို ဖွင့်လှစ်ပို့ချပေးပြီး ဦးဆောင်တောင်သူလယ်သမားများ စိုက်ပျိုးရေး အထူးပြုများ မွေးထုတ်ပေးမှု၊

(၅) ဈေးကွက် သတင်းအချက်အလက် ဝန်ဆောင်မှု၊

(၆) Supply Change လို့ခေါ်တဲ့ လုပ်ငန်းခွင် ကွင်းဆက်တစ်လျှောက်လုံးတွင် တောင်သူ လယ်သမားများ၏ဝေစု ထိုက်ထိုက်တန်တန်ရရှိမှုများ စတဲ့အတွဲလိုက် ဖြည့်ဆည်းမှု များဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုချက်များနဲ့အတူ အဆိုရှင်ရဲ့အဆိုအား ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၃၁။**

**ဦးစောအုန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျား။

မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ အရိုအသေပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအုန်း ဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်ဟာလယ်သမားတစ်ဦးဖြစ်ပါတယ်။ လယ်သမားတစ်ဦးအနေနဲ့ဆိုရင် လယ်သမားရဲ့ဘဝ၊ လယ်ယာကဏ္ဍ အကြောင်းတွေကို အများကြီးပြောစရာရှိပါတယ်။ သို့သော်လည်း အချိန်အကန့် အသတ်နဲ့ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် လိုရင်းကိုပဲ ပြောပါမယ်။ ဒီ အဆို တင်သွင်းတဲ့ ဦးမြင့်ထွန်းဟာ ဈေးကွက် ညှိနှိုင်းပေးရေးဆိုတဲ့အချက်ကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ကတော့ ကျွန်တော် ပြောတဲ့အချက်တွေဟာ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြောမယ့်အချက်တွေဟာ ကျွန်တော့် နေထိုင်ရာ သထုံဒေသတစ်ဝိုက်ရဲ့ ဖြစ်ပျက်နေတဲ့ အခြေအနေအရ ပြောတဲ့အတွက်ကြောင့် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်မှ လွှမ်းခြုံနိုင်မယ်။ အနည်းငယ် ကွဲလွဲချက်များရှိရင်တော့ ခွင့်လွှတ်ပေးပါလို့ ပန်ကြားလိုပါတယ်။ နောက်ဈေးကွက် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း နိုင်ငံတော်ဟာ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမည်လို့ အတိအလင်း ဖော်ပြထားပါတယ်။ ဒီဈေးကွက်ကို ကျွန်တော်တို့ ဘယ်လို ညှိနှိုင်းပေးမလဲ ဒါတွေက စဉ်းစားစရာဖြစ်တယ်။ အဲတော့ ကျွန်တော် လယ်သမားတွေနဲ့ကျွန်တော် တွေ့တယ်။ အခု ကျွန်တော်တို့ ဒီနှစ်ဆိုရင် ကျွန်တော်တို့ဒေသမှာ စပါးဈေးဟာ မနှစ်ကထက်စာရင် မြင့်ပါတယ်။ အရင်က သက်လတ်စပါးတွေ (၄)သိန်းကျော်ကနေ အခု(၆)သိန်းနီးပါးလောက်ရှိပြီးတော့ တကယ့် ပေါ်ဆန်းဝါ တို့ ဘာတို့ အမြင့်ဆုံးစပါးတွေဟာ (၇)သိန်းကျော် (၇)သိန်းခွဲလောက်ရှိပါတယ်။ အဲတော့ ကျွန်တော်က ပြောကြည့်တယ်၊ လယ်သမားတွေကို ကျွန်တော်အပါအဝင်ပေါ့လေ၊ လယ်သမားဘဝ မြင့်မားစေရေး အတွက် စပါးဈေးကို အခု(၇)သိန်းခွဲကနေပြီး (၁၀)သိန်းတိုးပေးရင် မကောင်းဘူးလား။ အဲလို လုပ်ဆောင်လိုက်ရင် မကောင်းလားဆိုရင် ကျွန်တော်အပါအဝင် ဘယ်လယ်သမားမှ လက်မခံပါဘူး။ ဘာကြောင့်ဆိုတော့ စပါးဈေးတက်လာရင် ရေမြင့်ရင်ကြာမြင့်မယ်လို့ အားလုံး အခြေခံစားကုန် သောက်ကုန်တွေကအစ အားလုံးကုန်ဈေးနှုန်းတွေတက်တယ်။ ဒီကနေ့ဆိုရင် ကျွန်တော်တို့ စပါဈေး အခု(၄)သိန်းကျော်ကနေ (၆)သိန်းစပါး ဈေးဖြစ်လာတဲ့အခါကျတော့ မနှစ်က ကျွန်တော်တို့ နေ့စားခ (၄)ထောင်ပေးရတဲ့နေရာ ဒီနှစ်(၅)ထောင်ပေးရဖို့ သေချာသွားပါပြီ။

အဲတော့ ကျွန်တော်တို့ လယ်သမားအကျိုးကို မြှင့်တင်ချင်တယ်ဆိုရင် ဘာလုပ်ပေးရမလဲ ဆိုတော့ သွင်းအားစုတွေကို ကျွန်တော်တို့ လျှော့ချရမယ်။ ကျွန်တော်တို့ လယ်(၁)ဧကကို လယ်လုပ်သူ ကိုယ်တိုင် မပါဘဲနဲ့ အငှားသက်သက်လုပ်မယ်ဆိုရင် (၁)ဧကကို (၁)သိန်း(၈)သောင်း ကုန်ကျစရိတ်ရှိ ပါတယ်။ ဓာတ်မြေဩဇာ မပါဘူးခင်ဗျ။ ဓာတ်မြေဩဇာက (၆)သောင်းဖိုး ဝယ်ထည့်ရတယ်။ (၂)သိန်း (၄)သောင်းရှိတယ်။ ကျွန်တော်တို့ သထုံဒေသမှာ တကယ့်ကောင်းတဲ့ လယ်ဆိုမှ (၁)ဧကကို တင်း(၅၀)ပဲ ထွက်ပါတယ်။ (၃၅)တင်း (၄၀) ဒီလောက်ပဲထွက်တယ်၊ ဒီကနေ့ စပါးဈေးနဲ့ဆိုရင် သိပ်ပြီးတော့ တွက်ချေမကိုက်ဘူး။ ဒါကြောင့် ဒါပေမဲ့ ဘာကြောင့် လယ်သမားတွေဘဝကို ရပ်တည်နိုင်သလဲဆိုတဲ့ အကြောင်းကတော့ရှိပါတယ်။ လယ်သမားတွေဟာ လယ်ချည်းပဲ မဟုတ်ဘဲနဲ့၊ မွေးမြူရေးပါ တွဲလုပ် တယ်။ ကြက်မွေးမယ်၊ ဝက်မွေးမယ်၊ နွားမွေးမယ်၊ ရေကန်ရှိရင် ကန်ပေါင်မှာ ငှက်ပျောစိုက်မယ်၊ သရက်စိုက်မယ်၊ ဒါလေးတွေလည်း လုပ်ပါတယ်။ ဒီက ကျွန်တော်တို့ အပိုဝင်ငွေရှိတယ်။ နောက် ငါးကန်လေးတွေရှိရင်လည်း လွတ်ကျောင်းတဲ့ငါးလေးတွေ ပက်ပြီးတော့ ကျွန်တော်တို့ ငါးဖိုးလည်း

ရအောင် ဒါလေးနဲ့ ဘဝရပ်တည်တယ်။ ဒါ့ကြောင့် သွင်းအားစုကို ဖြေလျှော့ပေးနိုင်ရင် ကျွန်တော်တို့ လယ်သမားဟာ အကျိုးရှိမယ်။

အဲတော့ ဓာတ်မြေဩဇာဈေးနှုန်း အခု ပုလဲဓာတ်မြေဩဇာ အခုဆို (၂၅၀၀၀) ရှိနေတဲ့ နေရာမှာ (၁၀၀၀၀)နဲ့ (၁၅၀၀၀)လောက်ဖြစ်အောင် နိုင်ငံတော်အစိုးရက ဓာတ်မြေဩဇာကို ကြံဖန်ပြီး လျှော့ရောင်း၊ အရင်ပါတီကောင်စီခေတ်ကဆိုရင် အလကားတောင်ပေးတယ်။ ဒါလေးတွေ လုပ်ပေးရမယ်၊ နောက်ပြီး စက်ကိရိယာ၊ ထွန်ယက်စိုက်ပျိုးခက (၁)ဧက မှာ (၃၅၀၀၀)လောက်ရှိတယ်။ အခုက ကျွဲ၊ နွားတွေနဲ့ မဟုတ်တော့ဘူး၊ ဥက္ကဋ္ဌကြီးခင်ဗျ။ ကျွန်တော်တို့ စက်နဲ့ပဲ၊ အဲတော့ လယ်သမားတိုင်းက စက်မရှိဘူး။ ဒီလက်တွန်းစက် တစ်လုံးကို လယ်ဧက(၂၀)လောက်လုပ်နိုင်မယ်ဆိုရင် လယ်သမားတိုင်းမှာ လက်တွန်းစက်ရှိရင် အဲဒီက ဖြေလျော့ လိုက်တာပါပဲ။ ဒါငှားလုပ်ရင် (၁)ဧကကို (၃၅၀၀၀)ပေးရတယ်။ ဒါစက်သမားကိုရော၊ ဆီဖိုးကော၊ ဘာကောပေးရတယ်။ အဲတော့ ဒါလေးတွေ ကျွန်တော်တို့ လယ်သမားလုပ်အားခတွေ ကျွန်တော်တို့ သုံးရတဲ့အတွက်ကြောင့် ဒါလေးတွေ တွက်ခြေကိုက်နေပါတယ်။ ကျွန်တော် အတိုချုပ်ပဲပြောပါမယ်။ နောက် ပြောချင်တာ ကတော့ နောက်ပုံစံ(၇)ကိစ္စ၊ ကျွန်တော့်မှာ ပုံစံ(၇)စာရွက် (၉)ရွက်ရှိပါတယ်။ ပုံစံ(၇)တစ်ရွက်ကို (၅၀၀)ပဲ ပေးရတယ်ခင်ဗျ။ ဒီစာရွက်စာတမ်းကြေး၊ အဲတော့ အမှန်မှာတော့ လူကြီးတွေက (၁၀၀၀) (၁၅၀၀)ပြောကြသေးတယ်။ နောက် လယ်သမားတွေတတ်နိုင်အောင် (၅၀၀)၊ ကျွန်တော်ကတော့ (၅၀၀)နဲ့ပဲပုံစံ(၇)ကိုရပါတယ်။ ကျွန်တော့်မှာ (၉)ရွက်ရှိတယ်။ လယ်ဧကကတော့ (၁၀၀) နီးပါးလောက်ရှိပါတယ်။

အဲတော့ ဘာပြောချင်လည်းဆိုရင် ဒီပုံစံ(၇)ဟာ လယ်သမားအတွက် လုပ်ခဲ့တာပါ။ မြေစာရင်းအတွက်လုပ်ခဲ့တာ မဟုတ်ပါဘူး။ မြေစာရင်းကို ကျွန်တော် မေးကြည့်လိုက်တယ်။ ဒါ လယ်သမားအတွက် လုပ်ခဲ့တာပါ။ လယ်သမားအကျိုး လုပ်ခဲ့တာပါ။ ပုံစံ(၇)ရခြင်းအားဖြင့် ကျွန်တော့်မှာ ပိုင်ဆိုင်မှုဟာ အတိအကျဖြစ်သွားတယ်။ တကယ်လို့များ ကျွန်တော့်မြေကို စီမံကိန်းအရ သိမ်းမယ်ဆိုရင်လည်း ထိုက်တန်တဲ့လျော်ကြေး ကျွန်တော်ရတယ်။ အငြင်းပွားမှုလည်း မရှိတော့ဘူး။ ပေါင်နှံ ရောင်းချခွင့်လည်းရှိသွားတယ်။ အဲတစ်ခုတော့ ကျွန်တော်ပြောချင်တယ်။ ဒီကနေ့ ရောင်းချခွင့်ရှိပြီးတော့ ပေါင်နှံတဲ့စနစ်ကတော့ ကျွန်တော်တို့မှာ အားနည်းနေသေးတယ်။ ကျွန်တော် လေ့လာသလောက်ဆိုရင် ဧရာဝတီတိုင်း၊ ခနောင်မြို့နယ်မှာ မြန်မာ့ရှေ့ဆောင်ဘဏ်ကတော့(၁)ဧကကို (၃)သိန်း၊ (၄)သိန်း အထိကို ကျွန်တော်တို့ နှစ်လတ်ပေါ့၊ ချေးတာတော့ကျွန်တော် ဖတ်ရှုဖူးပါတယ်။ အခုလည်း အဲဒါမျိုး လုပ်ဖို့ရှိပါတယ်။ ဒါပေမဲ့ လယ်ကို ရောင်းချခွင့်ရတယ်ဆိုရင် ပေါင်နှံဖို့ အဆင့်ရောက်အောင် ဖော်ဆောင်ပေးဖို့လိုတယ်။ အဲဒီထဲမှာ ဘာအချက်ပါလည်းဆိုရင် ဒီ ပေါင်နှံကြေး၊ ငှားရမ်းကြေး၊ လဲလှယ်ခြင်းနဲ့ ပေးကမ်းခြင်းကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်၊ စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံး တွင်မှတ်ပုံတင်ရမည်။ အဲဒါ လုပ်လို့မရသေးဘူး။

ဘာလို့လဲဆိုတော့ ဒီမြေရဲ့ တန်ဖိုးကို အခုထိ မသတ်မှတ်ရသေးဘူး။ အဲတော့ ဒါကို ကျွန်တော်တို့ တံဆိပ်ခေါင်းခွန်နဲ့ စာရွက်စာတမ်းမှတ်ပုံတင်ခကို ဆောင်ရွက်လို့မရဘူး။ အဲဒါ အမြန်ဆုံး နိုင်ငံတော်ကလုပ်ပေးဖို့လိုတယ်။ ဒါမှ ရောင်းချပြီးတဲ့လယ်ဟာ ကျွန်တော်တို့ မြေစာရင်းမှာ အမည်သွားပြောင်းပြီးတော့ ကိုယ့်ပုံစံ(၇)နာမည်နဲ့ ထွက်လာမှာပါ။ လယ်လုပ်တဲ့သူက၊ လယ်ဆက်လုပ်တဲ့လူက

ပုံစံ(၇)နဲ့ ထွက်လာမှာပါ။ ဒါမှ ပီပြင်မှာ ဖြစ်ပါတယ်။ အဲတော့ ကျွန်တော် မေးကြည့်ပါတယ်။ ကျွန်တော်က (၁)စောင်ကို (၅၀၀)နဲ့ ရတာဆိုတော့ လယ်သမားတွေမေးကြည့်တယ်။ ဘယ်လောက် လောက်ဆိုတော့ (၃၀၀၀)လောက်အများဆုံးပဲပေးရပါတယ်၊ ဒါကတော့ သူ့ဟာ လယ်သမားတွေ ပေးနိုင်တဲ့ အနေအထားပဲ ဖြစ်ပါတယ်။ နောက် ကျွန်တော်ပြောချင်တာကတော့ ဒီ အခုဟာကတော့ ဒီဥစ္စာ ကျွန်တော်တို့ ဒီမြေစာရင်းဦးစီးဌာနဆိုတာတော့ ဒီ ယင်းအခေါ် အဝေါ်ဟာ မရှိတော့ပါဘူး။ လယ်ယာမြေ စီမံခန့်ခွဲရေးနဲ့ စာရင်းဦးစီးဌာနဆိုတာ ၂၀၁၅ ခုနှစ်၊ ဇွန်လကတည်းကစပြီး ပြောင်း လိုက်ပါတယ်။ အဲတော့ လယ်သမားတွေ စိုက်စရိတ်နဲ့ပြောမယ်ဆိုရင် အဆိုရှင် ပြောသွားသလို လယ်သမားတစ်ဦးမှာ (၁၀)အုပ်လောက် လုပ်တယ်လို့တော့ပြောတယ်။ ကျွန်တော်ဆို ရင်လုပ်လို့ရတာ ပေါ့။ (၁၀)ဧက၊ (၁၀)ဧကနဲ့ လုပ်လို့ရှိရင် (၁၀)အုပ်လောက် လုပ်လို့ရတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ (၁)အုပ်ပဲရှိပါတယ်။ (၁)အုပ်ပဲလုပ်လို့ရတယ်။ ဒီ ပုံစံ(၇)ကို ပြရမယ်။ နောက်ပြီးတော့ ကျွန်တော့် အိမ်ထောင်စုစာရင်းကို ပြရမယ်။ ဒါမှ (၁)အုပ်ထုတ်လို့ရတာ။ အဲတော့ ဒီစာအုပ်ကို ပွားတယ် ဆိုတာ ကိုတော့ ကျွန်တော်လက်မခံပါဘူး။ ကျွန်တော်လည်း (၁)အုပ်ပဲရတယ်၊ ဒါပေမဲ့ ချေးငွေကျတော့ ကျွန်တော့်မှာကျတော့ ဇွန်လမှာ ကျွန်တော် ချေးလို့ရပါတယ်။

အဲတော့ လယ်သမားတွေ အများစုကတော့ ဒီထက်ကို စောပြီးတော့ ကျွန်တော်ဆိုရင် ဇွန်လက စောသေးတာပေါ့။ တချို့ ဒီ ဇူလိုင်၊ ဩဂုတ်မှ ရတာဆိုရင်တော့ ဒီငွေရှင်၊ ကြေးရှင်ကို ပြန်ပြီး အားကိုးရတဲ့သဘောရှိတယ်။ ချေးရတာကလည်း ကျွန်တော်ပြောချင်တာက (၁)ဧကကို (၁)သိန်းနှုန်း က (၁)သိန်းခွဲ လောက်ပေးဖို့၊ (၁၀)ဧက အထိ ချေးတာကို ဧက(၂၀)ထိပေးဖို့၊ ဒါလေးတွေ ကျွန်တော် တင်ပြချင်ပါတယ်။ နောက် အရောင်းအဝယ်ကိစ္စတစ်ခု ဒီ လယ်သမားတွေ နစ်နာတာတွေ၊ ကျွန်တော်တို့ တင်းနဲ့ ကျွန်တော်တို့ ရောင်းရတယ်၊ တင်းဆိုတာ ကျွန်တော်တို့ (၁၆)ပြည် (၁)တင်းဆို တာ ကျွန်တော်တို့သိတယ်။ ဒါပေမဲ့ တကယ့်တကယ် ပွဲစားတင်းရှိတယ်။ လယ်သမားတင်းရှိတယ်။ (၂)မျိုးရှိတယ်။ အဲတော့ ပွဲစားတင်းဆိုလို့ရှိရင် (၁)တင်းမှာ (၁၇)ပြည်၊ (၁၈)ပြည်လောက်ဖြစ်တယ်။ သိပ်နစ်နာတယ်။ ကျွန်တော် တို့လယ်သမားတင်းတောင်မှ (၁၆)ပြည် (၄)ဗူးလောက် ကျွန်တော်တို့ ထည့်ပေးထားတယ်။ အဲတော့ ပွဲစားက သူကြိုက်တဲ့စျေးနှုန်းနဲ့ ရောင်းချင်ရောင်း မရောင်းချင်နေ၊ ဒီလို လာတာ။ လယ်သမားတွေ နစ်နာပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ဒီမှာ ကြည့်ပွင့်မပြ မေးထား တာရှိပါတယ်။ ကျွန်တော်တို့ ဒီ ထုထည်နဲ့ချိန်တဲ့ ဒီစနစ်နဲ့မသုံးတော့ဘဲနဲ့ အလေးချိန်နဲ့သွားဖို့၊ ဝိတ်နဲ့ ချိန်တဲ့ဒီလိုစနစ်နဲ့သုံးဖို့ ကျွန်တော်အကြံပြုထားတာရှိပါတယ်။ ဖြေလည်းဖြေထားပါတယ်။ ဆောင်ရွက် နေပါတယ်ပြောတယ်။

နောက်တစ်ခါ ကျွန်တော့်ကို ကတိကဝတ်ဖြစ်တဲ့အတွက်ကြောင့် ပြန်ပြီးတော့ ပြောသေး တယ်။ ဆက်လက်ဆောင်ရွက်နေတယ်ပြောတယ်။ ဒါပေမဲ့ ဒါလေးတွေ အမြန်ဆုံးဆောင်ရွက်မှ လယ်သမားတွေ သက်သာမှာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ရောင်းတဲ့ ဝယ်တဲ့အခါမှာ ဒီတင်းက လည်း ကြီးတဲ့အပြင်ကို စပါး(၂၅)တင်းမှာ (၁)တင်း ဆောင်းပေးရတယ်။ (၂၆)တင်းပေးမှ ကျွန်တော်တို့ ရောင်းဝယ်လို့ရတယ်။ ဝယ်တာပဲဖြစ်ဖြစ်၊ ရောင်းတာပဲဖြစ်ဖြစ်၊ အဲ့တော့ လွှတ်တော်အတွေ့အကြုံ ဆင်းတဲ့အခါမှာ ရွာတစ်ရွာမှာ လယ်သမားတစ်ဦးက ဒီ တင်းဆောင်းစနစ်ကို ဖျက်ပေးပါလို့ ကျွန်တော်တို့ကို ပြောဖူးတာ ရှိပါတယ်။ ကျွန်တော်တို့ကတော့ ဒါကတော့ ဓလေ့၊ ထုံးစံလိုဖြစ် နေတော့ ကျွန်တော်တို့လည်းဖျက်လို့မရဘူး။ ဒါပေမဲ့ ကိုယ်လွတ်လပ်ခွင့်ရှိတယ်၊ ရောင်းချင်ရောင်း၊ မရောင်းချင်နေ၊

ဒါလောက်ပဲ ကျွန်တော်တို့ ဖြေလို့ရမယ်၊ ဒါကြောင့် ဒီအလေးချိန်စနစ်နဲ့ သွားမယ်ဆို ရင်လယ်သမားမှာ အများကြီး တိုးတက်ပါတယ်။ နောက် ဆည်မြောင်းကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့သထုံမှာ ရေထိန်းတံခါး(၃)ခုရှိပါတယ်။ ရေထိန်းတံခါး (၃)ခုဟာ တစ်ခုမှ လယ်သမားအတွက် အကျိုးမပြုပါဘူး။ နောက် ဒီ ရေထိန်းတံခါးဟာ သူက တည်ဆောက်တုန်းကတော့ ဘာလည်းဆိုလို့ရှိရင် ရေငန်ကိုတားမယ်၊ အပေါ်ကမှာရေချိုကို နွေစပါးစိုက်မယ်၊ ဒါပေမဲ့ ဒီရေထိန်းတံခါးတွေက ရေငန်တားသလောက် နုန်းတွေ ဖို့သွားမယ်။ အပေါ်က ရေချိုကလည်း ဘယ်သူမှ မစိုက်ပျိုးဘူး။ နောက်တော့ ရေတံခါးတွေ ပေါက်ပြီးတော့ ရေချိုရေငန်နဲ့ ရောနေပါတယ်၊ အဲတော့ ဒီလို လယ်သမားအကျိုးကိုမပြုတဲ့ ရေထိန်းတံခါး ကျွန်တော်ဆိုရင် ဆိုက်ကရဲ့၊ ဆိပ်ကျွန်း၊ မရမ်းကုန်း ဒီလိုရေထိန်း တံခါးတွေလည်း ဖျက်ပေးရမယ်။ အရင်ကတော့ ...

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးစောအုန်း၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ကျေးဇူးတင်ပါတယ်၊ ဟို လယ်သမားဖြစ်တဲ့အတွက်ကြောင့် ပြောစရာတော်တော်များများ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝ ပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ အဆိုနဲ့ စပ်လျဉ်းပြီးတော့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှ ရှင်းလင်းဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုကို တင်သွင်းသွားတဲ့ ကိုယ်စားလှယ်တော်ကြီးနှင့် ဆွေးနွေးပေးကြတဲ့ ကိုယ်စားလှယ်တော်ကြီးများကိုလည်း လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျေးဇူးတင်ရှိပါကြောင်း ပဏာမ တင်ပြလိုပါတယ်။ ယခုဖြေကြားသွားမယ့်၊ ရှင်းလင်းသွားမယ့်၊ အဖြေ ရှင်းလင်းချက်များဟာ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနများရဲ့ ရှင်းလင်းချက်များကို ကျွန်တော်က တစ်ပေါင်းတည်း ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့ အဓိက စိုက်ပျိုးထုတ်လုပ်တဲ့ လယ်ယာ ထွက်ကုန်သီးနှံဖြစ်သကဲ့သို့ အဓိက စားသုံးသီးနှံလည်း ဖြစ်ပါတယ်။ လက်ရှိအားဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မိုးစပါး(၁၅.၄)သန်းဧက၊ နွေစပါး(၂.၃)သန်းဧက၊ စုစုပေါင်း မြန်မာနိုင်ငံမှာ စပါး(၁၇.၇) သန်းကျော်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ၂၀၁၁ခုနှစ်ရဲ့ စပါး(၁၀၀) ပျမ်းမျှဈေးနှုန်းဟာ ကျပ်(၃.၂) သိန်းခန့်

ရှိရာမှ လက်ရှိပေါက်ဈေးဟာ (၅.၈)သိန်းထိ ဖြစ်ပေါ်လျက်ရှိပါတယ်။ စပါးဈေးနှုန်း ဟာ ထုတ်လုပ်မှုစရိတ်အောက် လျော့နည်းပါက တောင်သူလယ်သမားများ ထိခိုက်နစ်နာမှု မရှိစေရန် နိုင်ငံတော် အရန်ဆန်ဝယ်ယူခြင်းစနစ်နဲ့ ဈေးကွက်ထိန်းညှိပေးလျက် ရှိပါတယ်။ ဥပမာအားဖြင့် ၂၀၁၃ ခုနှစ်မှာ စပါးဈေးနှုန်းဟာ တင်း(၁၀၀)မှာ (၃)သိန်းအောက် ကျဆင်းခဲ့သဖြင့် နိုင်ငံတော်က တင်း(၁၀၀)မှာ (၃)သိန်းခွဲကျပ်နဲ့ တိုးမြှင့်ဝယ်ယူ ထိန်းညှိပေးခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်များ အတွင်းမှာ ဈေးနှုန်းမှာ ထုတ်လုပ်မှုစရိတ်ထက် လျော့နည်းခဲ့ခြင်းမရှိခဲ့ပါဘူး။ ဥပမာအားဖြင့် ၂၀၁၅ခုနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်မှာ မနောသုခ၊ ဆင်းသုခ စတဲ့ စပါးမျိုးများရဲ့ တင်း(၁၀၀) လက်ရှိပေါက်ဈေးဟာ ကျပ်(၅)သိန်း(၈)သောင်းကျပ် ရှိပြီး၊ ထုတ်လုပ်မှုကုန်ကျစရိတ်ဟာ (၂)သိန်း ပတ်ဝန်းကျင်မျှကုန်ကျပါတယ်။ (၁)ဧက ပျမ်းမျှ (၆၅)တင်းနဲ့ တွက်ချက်မယ်ဆိုပါက (၁)ဧက ဝင်ငွေဟာ (၃)သိန်း (၃)သောင်းကျော် ဖြစ်တဲ့အတွက်ကြောင့်မို့ cost benefit ratio ကုန်ကျစရိတ်နဲ့ ဝင်ငွေ အချိုးဟာ (၁း၁.၈၃) ရှိခဲ့ပါတယ်။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် စပါးထုတ်လုပ်မှုမှာ စောစောက ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသလိုပဲ minimum cost and maximum profit ရရှိရန်အတွက် ဆောင်ရွက်ဖို့လိုကြောင်း တင်ပြလိုပါတယ်။ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ မနစ်နာစေရေးအတွက် စားသုံးသူများ မထိခိုက်စေရေးအတွက် ဆန်စပါးဈေးနှုန်းများ ဖြစ်သင့်တဲ့ အခြေအနေထက် မြင့်တက်မှုမဖြစ်ပေါ်စေရန်နဲ့ အလွန်အမင်းကျဆင်းမှု မဖြစ်ပေါ်စေဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပြည်တွင်းပြည်ပဈေးကွက်များနဲ့ ချိတ်ဆက်ပြီးလည်းကောင်း၊ ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ ညှိနှိုင်း၍လည်းကောင်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ ဆောင်ရွက်ချက်များဟာ ပြဋ္ဌာန်းထားတဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွား မြှင့်တင်ရေး၊ ဥပဒေပုဒ်မ ၂၆ နဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး နဲ့ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ၃၄ အား အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင် ရောင်းချနိုင်မယ့် Finished Product များနဲ့ အဆင့်မြှင့်ကုန်ချော Value added Product များကို ထုတ်လုပ်ပြီးခေတ်မီ အဆင့်မြင့်ကုန်ချောစက်ရုံ၊ Processing Plan များကို အပြည့်အဝ ပေါ်ထွန်းလာရေးအတွက် စည်းရုံးပညာပေးဆောင်ရွက်လျက် ရှိပါတယ်။ ဥပမာအားဖြင့် ဆန်စပါးသီးနှံမှာ ကျောက်ပြားဝိုင်းနဲ့ ကြိတ်တဲ့စက်၊ stone roller ဆန်စက်စနစ် ကနေပြီးတော့ ဆန်ကြိတ်ခွဲရာမှာ စပါးတင်း(၁၀၀)မှာ အကျိုးအကြေများ ပါဝင်နေတဲ့ (၂၅)မှတ် ဆန်တင်း (၄၀)အောက်သာ ထွက်ရှိပြီး ခေတ်မီ Satake ဆန်စက်၊ Buller စက်ကဲ့သို့ အဆင့်မြင့် Rubber roller စက်များဖြင့် ပြောင်းလဲအသုံးပြုကြိတ်ခွဲပါက စပါးတင်း(၁၀၀)မှာ အကျိုးအကြေ (၅)ရာခိုင်နှုန်းခန့်သာ ပါဝင်တဲ့ ငါးမတ်ဆန် တင်း(၆၀)အထိ ထွက်ရှိနိုင်ပြီး နိုင်ငံတော်၏ ဆန်တင်ပို့မှုကမ္ဘာ့ဈေးကွက်မှာ နေ့ချင်းညချင်း တိုးတက်ယှဉ်ပြိုင်လာနိုင်မှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ စည်းရုံးဆောင်ရွက်ပေးခဲ့သဖြင့် မြန်မာနိုင်ငံ လယ်ယာ စီးပွားရေးအများပိုင်ကော်ပိုရေးရှင်း Mapco ကဲ့သို့ ကုမ္ပဏီများက ခေတ်မီ satake ဆန်စက်များကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ တည်ဆောက်လည်ပတ်လျက် ရှိနေပြီ ဖြစ်ပါတယ်။ ထို့အတူ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများ ဈေးကွက်

ရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်မှာ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်း Post harvest Technology Training Center ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး တောင်သူလယ်သမား များနဲ့ ဝန်ထမ်းများအား ပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့နယ်မှာ မြန်မာဘဲလ်ကုမ္ပဏီက ဟင်းသီးဟင်းရွက် အခြောက်ခံစက် တည်ဆောက်လည်ပတ်ပြီး ပြည်ပကို တင်ပို့ လျက်ရှိပါတယ်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများသို့ သီးနှံအလိုက် ချေးငွေများထုတ်ချေးရာမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ မည်သည့်အပေါင်ပစ္စည်းကိုမျှ ရယူခြင်းမရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးမှာ တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး၊ ယခုအခါ ပုံစံ(၇)အားလုံး တောင်သူလယ်သမားများလက်ဝယ် ပြန်လည်ပေးအပ်ပြီး ဖြစ်ပါတယ်။ တောင်သူ လယ်သမားများ စိုက်ပျိုးစရိတ် အရင်းအနှီးရရှိစေဖို့အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ယခင် အစိုးရကာလအတွင်း စပါးသီးနှံနဲ့ ကြံသီးနှံများဟာ (၁)ဧကလျှင် ကျပ်(၂) သောင်းနှုန်းသာ ထုတ်ချေးခဲ့ရာ ကနေပြီးတော့ ယခုအစိုးရ (၅)နှစ်တာကာလအတွင်းမှာ (၁)ဧက လျှင် ကျပ်(၁)သိန်းနှုန်းအထိ တိုးမြှင့်ထုတ်ချေးခဲ့ပါတယ်။ ယခင်ထုတ်ချေးငွေ စုစုပေါင်း (၁၀၇.၆၈)ဘီလီယံသာ ရှိခဲ့ရာက ယခုအခါ တောင်သူလယ်သမားများကို စုစုပေါင်းချေးငွေ ကျပ်ဘီလီယံ (၁၂၀၀)ကျော်အထိ တိုးတက် ထုတ်ချေးခဲ့ ပြီး ဖြစ်ပါတယ်။ အတိုးနှုန်း ကိုလည်း ယခင်က တစ်နှစ်မှာ (၁၇)ရာခိုင်နှုန်း၊ (၁)လလျှင် (၁)ကျပ် (၄၂) ပြား ကောက်ခံခဲ့ရာမှ ယခုအခါ တစ်နှစ်လျှင် (၅)ရာခိုင်နှုန်း၊ (၁)လမှာ (၄၂)ပြားနှုန်းသို့ လျော့ချကောက်ခံ လျက်ရှိသဖြင့် တောင်သူ လယ်သမားများအနေဖြင့် စိုက်ပျိုးစရိတ် အရင်းအနှီးများကို ပိုမိုရရှိလာတဲ့ အပြင် အတိုးနှုန်း သုံးပုံနှစ်ပုံခန့် သက်သာလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်းပဲ ကုန်ကျစရိတ်အတွက် လုံလောက်မှု မရှိသေးကြောင်း တင်ပြအပ်ပါတယ်။

တောင်သူလယ်သမားများအတွက် ချေးငွေအရင်းအနှီး ပိုမို၍ထုတ်ချေးနိုင်ပါက ကုန်ထုတ်လုပ်မှု မြင့်မားတိုးတက်လာပြီး အသားတင် ထုတ်လုပ်မှုတန်ဖိုး G.D.P တိုးတက်လာမှာ ဖြစ်တဲ့အတွက် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း စပါး (၁)ဧကမှာ ကျပ်(၁၂၀၀၀၀) အထိတိုးမြှင့် ထုတ်ချေး နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တင်ပြခဲ့သော်လည်းပဲ နိုင်ငံ၏ဘဏ္ဍာငွေ သုံးစွဲနိုင်မှုအခြေအနေအရ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထပ်မံတိုးမြှင့် ချေးနိုင်ခြင်း မရှိတဲ့အတွက် မရရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ် ထုတ်ချေးပေးနေသကဲ့သို့ သမဝါယမဝန်ကြီးဌာနမှလည်း ကျေးရွာသမဝါယမအသင်းများကို ကျယ်ပြန့်စွာဖွဲ့စည်းပြီး တောင်သူများကို စပါးသီးနှံ (၁)ဧကမှာ ကျပ်(၅)သောင်းနှုန်းနဲ့ ထုတ်ချေးပေးလျက်ရှိပါတယ်။ တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်များကိုလည်း ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့ရာမှာ ဧရာဝတီတိုင်းဒေသကြီး၌ တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ် တည်ထောင်ဖွင့်လှစ်ခဲ့ပြီး၊ စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးနေကြောင်း သိရှိရပါတယ်။ ပုဂ္ဂလိကကုမ္ပဏီများကလည်း တောင်သူလယ်သမားများသို့ စိုက်ပျိုးရေးအတွက် တိုက်ရိုက် ငွေထုတ်ချေး ခြင်း မပြုဘဲ စိုက်ပျိုးရေးလိုအပ်ချက်ဖြစ်တဲ့ ထွန်ယက်ရေးလုပ်ငန်း၊ မျိုးစသည်တို့ကို အကြွေးစနစ်၊ ကန်ထရိုက်farming စနစ်နဲ့ သီးနှံပေါ်ချိန်မှာ ငွေကြေး သို့မဟုတ် သီးနှံကို တန်ဖိုးသင့်တဲ့စနစ်နဲ့ ပေးဆပ်ခြင်းများကိုလည်း ဆောင်ရွက်ရန် လိုအပ်ပါတယ်။

ဎင်းအပြင် တောင်သူလယ်သမားများအနေဖြင့်လည်း စိုက်ပျိုးစရိတ်ချေးငွေကို အခြားမသုံးဘဲ စိုက်ပျိုးမှုအတွက် လိုအပ်ချက်ကိုသာလျှင် ဝိုင်းဝန်းထိန်းသိမ်းပညာပေးဖို့လည်း လိုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ တိုင်းဒေသကြီးရန်ပုံငွေနဲ့ မြေဆီလွှာ၊ ဓာတ်မြေသြဇာ၊ ပိုးမွှားရောဂါနဲ့ မျိုးစေ့ အရည်အသွေး စစ်ဆေးနိုင်ဖို့အတွက် ဓာတ်ခွဲခန်းများကို တည်ဆောက်ထားပြီး ဖြစ်ပါတယ်။ အလားတူ ပြည်နယ်တိုင်းဒေသကြီးအတွင်းမှာလည်းပဲ အရည်အသွေး စစ်ဆေးနိုင်ဖို့အတွက် ဓာတ်ခွဲခန်းများတည် ဆောက်ရွက်လျက်ရှိပါတယ်။ ထို့အပြင် တရားဝင်ခွင့်ပြုထားခြင်းမရှိတဲ့ တရားမဝင်သွင်းအားစုများ ဈေးကွက်အတွင်း တွေ့ရှိပါက ပြဋ္ဌာန်းပြီးဖြစ်တဲ့ မြေသြဇာဥပဒေ၊ ပိုးသတ်ဆေးဥပဒေများနဲ့ အညီ ရောင်းချသူများအား သတိပေးအကြောင်းကြားခြင်း၊ ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း တို့အပြင် တည်ဆဲဥပဒေအရ တရားစွဲဆိုအရေးယူခြင်းတို့ကိုလည်း ဥပဒေလုပ်ထုံးလုပ်ငန်းနဲ့အညီ ဆောင်ရွက် လျက်ရှိပါတယ်။ အရည်အသွေးမပြည့်ဝတဲ့ သွင်းအားစုများ၊ တရားဝင်မှတ်ပုံတင်ထားခြင်း မရှိတဲ့ သွင်းအားစုများ၊ တင်သွင်းရောင်းချနေမှုအပေါ်မှာ ထိရောက်စွာ အရေးယူနိုင်ဖို့အတွက် တောင်သူ လယ်သမားအပါအဝင် ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှု လိုအပ်ပါသဖြင့် နိုင်ငံပိုင် နေ့စဉ်ထုတ် သတင်းစာများ၊ ဂျာနယ်များ၊ ရုပ်မြင်သံကြားစသည် မီဒီယာတို့ကတစ်ဆင့် အသိပေး၊ ပညာပေး နှိုးဆော်လျက် ရှိပါတယ်။ သဘာဝဘေးကြောင့် သီးနှံပျက်ဆီးဆုံးရှုံးမှုဖြစ်ပေါ်တဲ့တောင်သူ လယ်သမား များဟာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့အကျိုးစီးပွားမြှင့်တင် ရေးဥပဒေ ပုဒ်မ ၁၇ အရ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း စစ်ကိုင်းတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနဲ့ နေပြည်တော် ကောင်စီနယ်မြေတို့မှာ ထောက်ပံ့ငွေကျပ် (၁၈၆၉.၇၃၅)သန်းကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ် မှာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့ ထောက်ပံ့ငွေကျပ် (၁၃၈၃.၅၃)သန်းအား လည်းကောင်း ကွင်းဆင်းစိစစ်ပြီးတော့ နိုင်ငံတော်သီးသန့်ရန်ပုံငွေမှ တောင်သူလယ်သမားများကို ထောက်ပံ့ပေးခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် စိုက်ပျိုးသီးနှံများ ထိခိုက်မှု ဖြစ်ပေါ်ပါက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနဲ့အညီ သက်ဆိုင်ရာ ပြည်နယ်တိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်ရဲ့ ကွင်းဆင်းစိစစ်ဆေး တင်ပြချက်အပေါ် စိစစ်ပြီးတော့ ပြည်နယ်တိုင်း ဒေသကြီး အစိုးရအဖွဲ့များက ပြည်ထောင်စုအစိုးရအဖွဲ့ကို ထောက်ခံ တင်ပြမှုအပေါ်မှာ လယ်ယာ စိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ တာဝန်ပေးအပ်ချက်အရ ကွင်းဆင်း စိစစ်ထောက်ခံပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး၊ နည်းဥပဒေ ၁၂ နဲ့ အညီ ဗဟိုသင်တန်းကျောင်းများမှာ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်း (၂၁)ကြိမ်၊ သင်တန်းသား(၁၆၇၃)ဦး၊ ရိတ်သိမ်း ခြွေလှေ့စက်မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်း (၆)ကြိမ်၊ သင်တန်းသား (၆၉၆)ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ လယ်ယာသုံးစက် ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း (၂၂၇)ကြိမ်ဖြင့် တောင်သူ လယ်သမားပေါင်း(၇၇၃၄)ဦး တို့ကို လေ့ကျင့်ပေးနိုင်ခဲ့ပါတယ်။ ထို့အပြင် ကူဘိုတာကုမ္ပဏီမှ သင်တန်း(၁၃)ကြိမ်နဲ့ (၅၁၄)ဦး၊ နယူးဟော်လန်ကုမ္ပဏီက သင်တန်း(၁၃)ကြိမ်နဲ့ (၂၇၂)ဦး၊ ဆိုနာလီကာ ကုမ္ပဏီက သင်တန်း(၈)ကြိမ်နဲ့ (၂၇၉)ဦး တို့အား လယ်ယာသုံးစက်ကိရိယာ ကိုင်တွယ်ခြင်း သင်တန်းများ

ပေးပြီး ဆောင်ရွက်ခဲ့ပါတယ်။ အရည်အသွေးကောင်းမွန်ပြီး သင့်တင့်မျှတတဲ့ဈေးနှုန်းဖြင့် လက်ငင်းငွေချေစနစ် သို့မဟုတ် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိရာမှာ လယ်ယာသုံးစက်ကိရိယာ ရောင်းချတဲ့ကုမ္ပဏီများဟာ တောင်သူများအပေါ် အားသာချက်ရယူဆောင်ရွက်ခြင်းမရှိစေရန် ကြီးကြပ်ညှိနှိုင်းပေးခြင်း၊ after sale service များအား ဆောင်ရွက်ပေးစေခြင်းတို့အပြင် စက်ကိရိယာများကို အာမခံသက်တမ်းထားရှိစေခြင်းများကိုလည်း ညှိနှိုင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မျိုးသန့်ခြံက မျိုးကောင်းမျိုးသန့်များကို လွတ်လပ်စွာ ရောင်းချပေးလျက်ရှိပါကြောင်းနဲ့ ထောက်ခံချက်ရယူခြင်းမှာ သက်ဆိုင်ရာမြို့နယ်များတွင် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးစိုက်ပျိုးနိုင်မှုကို seed flow အရ မှတ်တမ်းတင်ထားရှိနိုင်ဖို့အတွက် စာရင်းကောက်ယူတာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ဖို့အတွက် အဓိက အရေးကြီးဆုံး လိုအပ်ချက်ကတော့ မြေ၊ ရေ၊ ငွေကြေး အရင်းအနှီးနဲ့ ဈေးကွက်တို့ပဲ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဟန့်အတားတွေကတော့ ဒီကနေ့ အဟန့်အတားဖြစ်နေတဲ့ အချက်တွေက ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်၊ သယ်ယူပို့ဆောင်ရေး၊ storage ခေါ်တဲ့ သိုလှောင်ထားရှိဖို့ အခက်အခဲဟာ တောင်သူလယ်သမားတွေအတွက်တကယ့် constrict များဖြစ်ပါတယ်။ ဒီ constrict တွေကို နိုင်ငံတော်နဲ့ ပုဂ္ဂလိကကဏ္ဍက ဖြေရှင်းပေးမယ်ဆိုရင် တောင်သူလယ်သမားအကျိုးအတွက် အများကြီး အကျိုးသက်ရောက်နိုင်ကြောင်းလည်း တင်ပြအပ်ပါ တယ်။ ၎င်းအပြင် တောင်သူများ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲတွေကတော့ (၁)ဧက အထွက်နှုန်း နည်းပါးခြင်း၊ စိုက်ပျိုးစရိတ်ကြီးမြင့်ခြင်း၊ သီးနှံများဈေးကောင်းမရရှိခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ သုံးစွဲမှုနည်းပါးခြင်း၊ ခေတ်မီနည်းပညာချို့တဲ့ခြင်း၊ အရင်းအနှီးချို့တဲ့ခြင်း၊ သွင်းရေအပါအဝင် ပံ့ပိုးပစ္စည်းသုံးစွဲမှုနည်းပါးခြင်းတို့ကြောင့် အခက်အခဲများနဲ့ ကြုံတွေ့လျက်ရှိပါတယ်။

သို့ဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် (Seed Production) (Training and education) (Research and Development)များကို ဆောင်ရွက်တဲ့အခါမှာ အထူးသဖြင့်တော့ (Research and Extension) အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ဘတ်ဂျက်များကို တိုးမြှင့်လျာထားပေးရန် လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံ့လူဦးရေအများစုကို ကိုယ်စားပြုတဲ့ တောင်သူလယ်သမားများ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်း၊ အကျိုးစီးပွားမြှင့်တင်ရေး ဆောင်ရွက်ပေးခြင်းများဟာ နိုင်ငံ၏အကျိုးစီးပွားကို မြှင့်တင်ပေးရေးဆောင်ရွက်ခြင်း လုပ်ငန်းများဖြစ်သဖြင့် အဆိုတင်သွင်းတဲ့ ကိုယ်စားလှယ်တော်ကြီးအားလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်အဆက်ဆက် တာဝန်ယူရမယ့် အစိုးရအဆက်ဆက် ကာလတို့မှာလည်း တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ လုပ်ငန်းများကို မဖြစ်မနေ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး၏ အဆိုအား မှတ်တမ်းတင် ထားရှိပေးနိုင်ပါရန် ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။ ။ မူလအဆိုရှင် ဦးမြင့်ထွန်း မှတ်တမ်းတင်လိုခြင်း ရှိ/မရှိ ၊ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူလိုခြင်း ရှိ/မရှိ ဖြေကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)။** ။ ဒုတိယဝန်ကြီးရဲ့ အသေးစိတ် ရှင်းပြမှုအတွက် ကျေးဇူးတင်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ (၅)မိနစ်လောက် တင်ပြလို ပါတယ်။ ခေတ်အဆက်ဆက်မှာ လူနေမှုအဆင့်နိမ့်ကျနေတဲ့ လယ်သမား၊ ကိုင်းသမားတွေအတွက် အစိုးရအဆက်ဆက်ကလည်း အဆင့်မြင့်နိုင်အောင် အမျိုးမျိုးကြိုးစားကြတာကို ကျွန်တော်တို့ တွေ့ရ ပါတယ်။ ကျွန်တော့်အဆိုမှာ စိုက်စရိတ်ချေးငွေနှုန်းကို မလွှဲသာလို့သာ ပိုတောင်းရပေမယ့် အဓိက ကတော့ သူတို့အဆင်ပြေအောင် ဈေးကွက်ညှိနှိုင်းပေးဖို့ပဲ ဖြစ်ပါတယ်။ ပိုချေးလေလေ လယ်သမား တွေမှာ ပိုပြီးတော့အကြွေးတင်လေလေ ဖြစ်သွားနိုင်ပါတယ် ဆိုတာကိုလည်း သတိပြုမိပါတယ်။ သူတို့ဘဝ လုံခြုံရေးကောင်းလာပေမယ့် သီးနှံဈေးနှုန်း မတည်မငြိမ်နဲ့ စီးပွားရေးတွက်ခြေ မကိုက် ကြလို့ ပိုပြီးဆင်းရဲလာတယ်လို့လည်း မြင်မိပါတယ်။ ကျွန်တော့်အမြင် မှားရင်လည်း ခွင့်လွှတ်ပေး ပါခင်ဗျား။ စပါးပေါ်တဲ့အချိန် ဈေးကောင်းမရကြဘဲနဲ့ ဈေးကောင်းလာတဲ့အခါမှာ သူတို့လက်ထဲမှာ စပါးက မရှိတော့ပါဘူး။ from production to the market change ဆိုသလို ထုတ်လုပ်ရာက စပြီးတော့ ရောင်းပြီးတဲ့အဆင့်ထိ အဆင်ပြေအောင် စီစဉ်ပေးရမယ်လို့ မြင်ပါတယ်။ ခု ဆင်းရဲသား လယ်သမားတွေအတွက် အခွင့်အလမ်းရဖို့ ခက်ခဲနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဒီခေတ်မှာ ပုံစံ (၇) ထုတ်ပေးတာတို့၊ စိုက်စရိတ် ချေးငွေကို တစ်ဧက (၂)သောင်းကနေ တဖြည်းဖြည်း (၁)သိန်းထိ တိုးပေးတာတို့ တခြား လိုအပ်တာတွေ တော်တော်များများ လုပ်ပေးတာတွေကိုလည်း တွေ့ရပါတယ်။ အုပ်ချုပ်ရေးကဏ္ဍကို ဒါကျေးဇူးတင်ရ မှာလည်း ဖြစ်ပါတယ်။ ကောင်းတဲ့လက္ခဏာပါ။ ဒါပေမယ့်လည်းပဲ ရတဲ့ Result ကတော့ မကောင်း လာသေးပါဘူး။ ဒီကြားထဲမှာ ၂၀၁၆ စီမံကိန်းဥပဒေကြမ်းမှာလယ်ယာကဏ္ဍဟာ (၅.၄)ရာခိုင်နှုန်းအထိ မနှစ်ကထက် တိုးတက်လာမယ်လို့ ဆိုလာပြန်တယ်။ တိုးတက်မယ်ဆိုပြီးတော့ လက်တွေ့မှာ Quality ရော Quantity ပါ လိုအပ်ချက်တွေ များနေတာဟာ ပြည်သူယုံကြည်မှု ကင်းမဲ့သွားနိုင်စေတယ်လို့ ဒါကို ကျွန်တော်တို့ အထူးသတိထားသင့်ပါတယ်။ ဆင်းရဲမှုတွေ ပိုပြီး သိသိသာသာ လျှော့ချဖို့လည်း အလေးထား ပြုပြင်ရဦးမယ်လို့ မြင်ပါတယ်။ ဒါ ခေတ်အဆက်ဆက်ရခဲ့တဲ့ သင်ခန်းစာတွေပါ။ စနစ်တွေ မမှန်လို့လား၊ တာဝန်ရှိသူတွေကပဲ အားနည်းတာလား၊ လယ်ယာကိုင်းသမားတွေဘက်ကပဲ အားနည်းတာလား၊ ဘေးအန္တရာယ်အမျိုးမျိုးကြောင့်လား၊ ဥပဒေ၊ နည်းဥပဒေတွေ မပြည့်စုံလို့လား။ ဒါ မဖြစ်မနေ ဆန်းစစ်အဖြေရှာရမှာဖြစ်ပါတယ်။ ဥပမာ ကျွန်တော်တို့ဒေသမှာ ဘဏ်လုပ်ထုံးလုပ်နည်း အရဆိုပြီးတော့ စိုက်ပျိုးစရိတ်ချေးတဲ့အခါမှာ လယ်သမားတွေရဲ့ အသက်ဖြစ်တဲ့ ပုံစံ(၇)ကို အပေါင်အနေနဲ့ ပြန်သိမ်းလိုက်တာတွေကလည်း ထိန်းကျောင်းပေးမယ့်လူ မရှိလို့လား။ အုပ်ချုပ်ရေး စနစ်မကျတာလား။ လက်အောက်အုပ်ချုပ်ရေးမဏ္ဍိုင်က သဘောမပေါက်တာလား၊ ဒါတွေ ဗဟိုက စစ်ဆေး ကြပ်မတ်ရမှာဖြစ်ပါတယ်။ အခုတော့ ဒီကိစ္စ ကိုယ်စားလှယ်တွေ ပြောလွန်းမေးလွန်းလို့ ဖြေလျှော့ လိုက်ပါပြီ။ ပုံစံ(၇)တွေကလည်း ပြန်ရကြပါပြီ။ အပေါ်နဲ့အောက် လွဲနေတာလေးတွေကို တင်ပြတာ ဖြစ်ပါတယ်။ ဒါ သင်ခန်းစာပါ။ ဆိုလိုတာက ကျွန်တော်တို့ ဘာတွေလုပ်လုပ် Efficiency ရှိရပါမယ်။ လုပ်ကိုင်တာတွေ Effective ရှိရပါမယ်။ ဒီလိုပဲ ကိစ္စတချို့မှာ အပေါ်အောက် လွဲချော်နေတာလေးတွေ ရှိပါတယ်။ ဥပမာ စွမ်းအင်ဌာနက ဓာတ်မြေသြဇာတစ်အိတ် (၁၄၀၀၀)၊ လယ်သမားက အပြင်မှာ (၁၈၀၀၀)၊ (၂၀၀၀၀)နဲ့ အမှန်တကယ် ဝယ်ရတာမျိုးလေးတွေ ရှိပါတယ်။ ဒါ

အရေးမကြီးဘူးဆိုပြီးတော့၊ ဘယ်တတ်နိုင်မလဲဆိုပြီးတော့ အပေါ်ယံမြင်လို့မရပါဘူး။ ဂရုတစိုက် ကြပ်မတ်ရမယ်ထင်ပါတယ်။ အခြေခံလူတန်းစားအပေါ် ဘယ်သူမှအမြတ်မထုတ်နိုင်အောင်အထူး ကြပ်မတ်ထိန်းသိမ်းရမယ်လို့ မြင်ပါတယ်။ ဥပမာ ကျွန်တော်တို့ကိုင်တဲ့ ဟန်းဖုန်းလေးတွေမှာငွေကုန် လို့ရှိရင် ကတ်လေးတွေ ဝယ်ထည့်သလိုပေါ့ခင်ဗျာ (၁၀၀၀၀)တန်၊ (၅၀၀၀)တန်၊ (၁၀၀၀) တန်စသဖြင့် သူ့ဈေးနဲ့သူ သတ်သတ်မှတ်မှတ် ဝယ်လို့ရတဲ့အခါမှာ ပြည်သူကလည်း စောဒကတက်စရာ မရှိဘူး ဆိုတဲ့ သဘောမျိုးပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမား၊ အခွင့်အရေး အကျိုးစီးပွား မြှင့်တင်ရေး နည်းဥပဒေတွ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဥပဒေအရ အပြည့်မဆောင်ရွက်နိုင်တာဟာ ဘတ်ဂျက်ကြောင့်ဆိုရင် ဒီဘတ်ဂျက်ကို ဖြည့်ပေးကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် အဲဒီ နည်းဥပဒေ ၃၊ ၄၊ ၉၊ ၁၀ ၊ ၁၇၊ ၂၁၊ ၂၂ ၊ ၂၆၊ ၃၄ တို့ဟာ Rule of Law မဖြစ်ဘူးလို့ မြင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာဘတ်ဂျက်ဖြည့်ဖို့ အမြဲအရှုံးပေါ်နေတဲ့ စက်မှုကဏ္ဍတိုးတက်မှုကို ယာယီ ထိန်းထားရမယ်လို့ မြင်ပါတယ်။ တခြားဌာနတွေကိုလည်း ခဏထိန်းထားပြီး လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကို (၁)နှစ်၊ (၂)နှစ်လောက် တိုးပေးရမယ်ထင်ပါတယ်။ Foreign Investment တွေလည်း ခေါ်ပေးရမယ်လို့ မြင်ပါတယ်။ ဒါဆို တဖြည်းဖြည်း နောက် အရှိန်ရသွားမှာဖြစ်ပါတယ်။ ဒါ ပြည်ထောင်စုလွှတ်တော်မှာ ကျွန်တော်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ နောက်အစိုးရသစ်တွေတက်တိုင်းမှာလည်း လယ်ယာကိုင်းသမား တွေဘဝ မနိမ့်ကျရအောင် အားလုံးကသမိုင်းသင်ခန်းစာယူပြီး အထူးဂရုပြု ဆောင်ရွက်ကြရမှာဖြစ် ပါတယ်။ သက်ဆိုင်တဲ့ဝန်ကြီးဌာနတစ်ခုတည်းနဲ့ မရနိုင်ပါဘူး။ အဲဒီတော့ မလိုက်နာနိုင်တဲ့ ဥပဒေတွေ ကိုလည်း မထားတာက ပိုကောင်းပါတယ်။ ဥပဒေတွေပြဋ္ဌာန်း ပြီးပြီဆိုရင်တော့ တာဝန်ရှိသူတွေကို ဖော်ထုတ်ရမယ်လို့ တင်ပြလိုပါတယ်။ ခုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး (၅)ဦးဟာ လယ်ယာ ကိုင်းသမားတွေရဲ့ဘဝတွေရဲ့ လိုအပ်တာတွေ ဆွေးနွေးတင်ပြ ပြီးကြပါပြီ။ အားလုံးရဲ့ဆန္ဒတွေ ညီကြ ပါတယ်။ ဘယ်အစိုးရတက်တက် လယ်ယာကဏ္ဍတိုးတက်စေချင်မှာ သေချာပါတယ်။ သင်ခန်းစာယူရ မယ့် ဒီအတွေ့အကြုံတွေကို နောက်အစိုးရတွေကလည်း ခေတ်အဆက်ဆက်ကမ္ဘာဆုံးတိုင် ဂရုတစိုက် ဆောင်ရွက်ကြရမယ်လို့ ယုံကြည်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော်ရဲ့ နောက်ဆုံး အဆို ဖြစ်တဲ့ ဒီ အဆိုလေးဟာ တောင်သူလယ်သမား၊ ကိုင်းသမားတွေဘဝ မြှင့်တင်ပေးဖို့ သမိုင်းဝင် သွားမယ်လို့လည်း ထင်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အဆိုကို ဒီလွှတ်တော်ကြီးကပဲ ဆုံးဖြတ်ပေးပါ လို့ ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ရိုသေလေးစားစွာ ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း တင်သွင်းတဲ့ တောင်သူလယ်သမားများ၊ ဥယျာဉ်ကိုင်းသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာမှာ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၈၅ )၊ ကန့်ကွက်( ၁)၊ ကြားနေ ( ၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးမြင့်ထွန်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၂:၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီရဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဆွေးနွေး ဖို့အမည်စာရင်း တင်သွင်းထားတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်အေးထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂:၀၁။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ကျွန်တော်မှ အမျိုးသား လွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော်သက်တမ်းအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် အကြံပြုချက်များနဲ့ တကွ ဆွေးနွေးထောက်ခံသွားမှာ ဖြစ်ပါတယ်။ ကော်မတီ၏ အစီရင်ခံစာ အပိုဒ် ၁၄၊ အပိုဒ်ခွဲ (ဂ) (ဃ) တွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို အကောင်အထည်ဖော်ရေး အတွက် လေ့လာ သုံးသပ်ပြီး ကဏ္ဍအလိုက် အကြံပြုရန် ပါရှိသည့်အတိုင်း အစီရင်ခံစာတွင် ကော်မတီက ကဏ္ဍအလိုက် ပြည့်စုံစွာ တင်ပြအကြံပြုထားသည်ကို တွေ့ရှိရပါတယ်။

ဒါပေမဲ့ ကဏ္ဍအလိုက် အကြံပြုရာမှာ ကျန်းမာရေးကဏ္ဍမှာ အချက်(၃)ချက်၊ ပညာရေး ကဏ္ဍတွင် အချက်(၁)ချက်၊ ကလေးသူငယ်များကိစ္စတွင် အချက်(၁)ချက် ပေါင်း(၅)ချက်ဖြင့် ပြည့်စွက် အကြံပြုရမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ အချို့သော

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အချို့သော အစိုးရဆရာဝန်များ၊ ဆေးဝန်ထမ်းများနှင့် ဆေးရုံများကိုသာ သုံးသပ်အကြံပေးသွားမည် ဖြစ်ပါတယ်။ နေပြည်တော်၊ ရန်ကုန်ဆေးရုံကြီးများနှင့် အစိုးရဝန်ထမ်းဆရာများ၊ ဆရာဝန်များ၊ ဆေးဝန်ထမ်းများနှင့် တစ်နိုင်ငံလုံး အငြိမ်းစားဆရာဝန်များ၊ ပြင်ပဆရာဝန်များအား အားနည်းချက်မရှိသဖြင့် သုံးသပ်အကြံပြု ဆွေးနွေးရန် မလိုအပ်ကြောင်း ထင်မြင်မိပါတယ်။ ဖော်ပြခဲ့သည့် အချို့သော အစိုးရဆရာဝန် ဆေးဝန်ထမ်းများ၊ ဆေးရုံများတွင် ကောင်းမွန်သော စိတ်နေသဘောထား၊ ကောင်းမွန်သောဆက်ဆံရေး၊ ကောင်းမွန်သော အစီအမံများ စသည့်အချက်အလက်မရှိသဖြင့် လူနာနှင့် လူနာပတ်ဝန်းကျင်တို့မှာ စိတ်ဆင်းရဲမှုတွေ ခံစားနေရကြောင်းတွေ့ရှိရပါတယ်။ အဲဒီလို ပြည်သူများ၏ စိတ်ဆင်းရဲမှုကိုခံရခြင်းဟာ ခေတ်ကာလနှင့် နိုင်ငံတော်အစိုးရအပေါ်တွင်သာ ထိခိုက်လာနိုင်ချေ ရှိပါတယ်။ ပြည်သူ့ဆေးရုံများတွင် ဆေးကုသရာ၌ လူနာနှင့် လူနာပတ်ဝန်းကျင်တို့၏ ခံစားချက်မှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ လူနာအမျိုးမျိုး၊ ခံစားမှုအမျိုးမျိုး၊ အခက်အခဲအမျိုးမျိုး ရှိပါတယ်။ ကျွန်တော် ကိုယ်တိုင်တွေ့ကြုံရသည့် အဖြစ်အရပ်တွေကို ဥပမာဖြင့် တင်ပြပြီးသုံးသပ်တင်ပြမှာဖြစ်ပါတယ်။ ကိုယ်တွေ့ဖြစ်တဲ့အတွက် ရင့်ကျက်တဲ့ စကားလုံးများပါသွားရင် ခွင့်လွှတ်ဖို့ တင်ပြအပ်ပါတယ်။

အဲဒီကိစ္စကတော့ ကျွန်တော်တို့ရဲ့ မိသားစုကိစ္စ ဖြစ်ပါတယ်။ ကျွန်တော့်အမျိုးသမီးမှာ ရုတ်တရက်ကြီး ဗိုက်အောင့်၍ မခန့်မှန်းနိုင်ဖြစ်သဖြင့် ဆရာဝန်ဆီသို့သွားရာ ဆရာဝန်မှ ဖဲရိုက်နေသဖြင့် စောင့်နေရပါတယ်။ လူနာကိုမကြည့်ဘဲ ဗိုက်ဆံကိုသာ ဦးစွာ တောင်းပြီး morphineကို ရောဂါဆေးဟုဆိုပြီး ဆေးထိုးပေးလိုက်ပါတယ်။ ဆရာဝန်ဟာ ဆေးရုံသို့ လာလေ့လာထမရှိကြောင်းကို လူနာများပြောကြား၍ သိရပါတယ်။ လူနာ မသက်သာသည့်အတွက် ဗိုက်ခွဲရမည်ဟုဆိုပြီး စစ်တွေပြည်သူ့ဆေးရုံသို့ ခေတ္တစေလွှတ်ပါတယ်။ ဒါပေမဲ့ မြို့နယ်က ပြည်နယ် ဆေးရုံကြီးကို တင်ပို့တဲ့လူနာများကို referလို့ခေါ်တဲ့ ဒီထောက်ခံချက်ပေးရပါတယ်။ အဲဒီထောက်ခံချက်ကိုမပေးပါ။ တောင်းလည်းမရပါ။ လူနာမှတ်တမ်းလည်းမရှိပါ။ ဆေးရုံမှာလည်း ဆေးရုံဝန်ထမ်းတစ်ဦး တစ်ယောက်မှမရှိဘဲ လူနာများကို အရပ်ဘက်အစောင့်တစ်ဦးဖြင့်သာ တွေ့ရှိရပါတယ်။ တာဝန်ကျ ဆရာမများအားလည်း အိမ်မှာသွားပြီး ရှာဖွေပြီးတော့ ပင့်ဖိတ်ရပါတယ်။ အဲဒီလို ကျွန်တော့်အနေနဲ့ စိတ်ဆင်းရဲမှုကို ခံစားခဲ့ရပါတယ်။

အထက်ပါဖြစ်ရပ်ကို သုံးသပ်ကြည့်ပါက ကောင်းမွန်သောစိတ်ထားမရှိခြင်း၊ ကောင်းမွန်သောဆက်ဆံရေးမရှိခြင်း၊ ကောင်းမွန်သော အစီအမံများမရှိခြင်းကြောင်း တွေ့ရှိရပါတယ်။ စစ်တွေပြည်သူ့ဆေးရုံကြီးမှာလည်း ကောင်းမွန်သောအစီအမံ မရှိတဲ့အတွက် ရုံးပိတ်ရက်နှင့် အဓိကဆရာဝန် Major ဆရာဝန်ပေါ့လေ အဲဒီဆရာဝန်များ မရှိတဲ့အချိန်မှာ အခြားဆရာဝန်များကို တာဝန်ချထားခြင်းမရှိခြင်း ကောင်းမွန်သောဆက်ဆံရေး မရှိတော့သဖြင့် ဆရာမများအနေနဲ့လည်း အလေ့အထလိုလူနာများကို ဟိန်းဟောက်ပြီး၊ ခြိမ်းခြောက်ပြီး ဆေးရောင်းချတာကိုလည်း ကျွန်တော် ခံစားခဲ့ရပါတယ်။ ဆရာဝန် မရှိသဖြင့် ဆေးမကုသဘဲ အိပ်ဆေးဖြင့်သာ လူနာကို ထားသဖြင့် လူနာမှာ (၃)ရက်တိုင်တိုင် ဝေဒနာ ခံစားပြီး ကွယ်လွန်သွားရသည်ကိုလည်း ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခဲ့ရပါတယ်။ အဲဒါကတော့ ကျွန်တော်အထက်က တင်ပြခဲ့တဲ့အချက် (၃)ချက် မရှိတဲ့အတွက် ခံစားရခြင်းဖြစ်ပါတယ်။ အထက်ကဖြစ်ရပ်တွေဟာ လက်ဆုပ်လက်ကိုင်မရှိ မဖော်ပြနိုင်သဖြင့် အုပ်ချုပ်သူများမှ ဖြေရှင်းရန်ခက်ခဲသောရောဂါဆိုးလို ဖြစ်နေပါတယ်။ အဆိုပါရောဂါဆိုးမှာ ယနေ့တိုင်၊ ယခုတိုင် စစ်တွေမြို့၊ ဘူးသီးတောင်မြို့တွင် ရှိနေသေးကြောင်း တွေ့ရှိရပါတယ်။ ဘူးသီးတောင်မြို့မှာ ဆရာဝန်ဆိုသူကလည်း လူနာကို အလေး

မထားသည့်အတွက် လူနာများ အပျက်အစီးရှိနေကြောင်း တွေ့ရှိရပါတယ်။ ဆရာဝန်မှာ ၎င်း၏ ဆရာဝန် အလုပ်ကိုမလုပ်ဘဲ တခြားအလုပ်များကိုသာလုပ်နေကြောင်း တွေ့ရှိရတဲ့အတွက် အဲဒီလို စိတ်ထားများ ရှိတဲ့ ဆရာဝန်မျိုးကိုလည်း ဆုပေးဒဏ်ပေးအဖြစ် ပြုလုပ်သင့်ကြောင်း ဆွေးနွေးလိုပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါ အချက် (၃)ချက်ကို ကော်မတီ၏ လုပ်ငန်းတာဝန်များအဖြစ် သတ်မှတ်ပြီး နိုင်ငံတော်အစိုးအရသို့ အကြံပြု တင်ပြစေလိုပါတယ်။ တစ်ဖန် ပညာရေးကဏ္ဍကို ဆွေးနွေးသုံးသပ်ရမယ်ဆိုပါက သင်ရိုးစာများမှာယေဘုယျ ဆန်နေသည့်အတွက် ကျောင်းသားများက ဘာသာရပ်ပညာကို ဂဃနဏ မသိရပါ။ ဥပမာအားဖြင့် တင်ပြရရင် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စာမှာ Grammar ကို မသင်ကြပါ။ Grammar မသင်တဲ့အတွက် ကျောင်းသားများဟာ ဆယ်တန်းရောက်မှာ ဘယ်က Subject ဘယ်က Verb ဘယ်က Object စသည်ကို မသိပါ။ Tense များကိုလည်း မသိပါ။ နောက်ပြီးတော့ တခြား Verb to Be စသည်အားဖြင့် မသိတဲ့အတွက် ကျောင်းသားများဟာ ဝိုးတဝါးဝါး ဆန်းတဝါးဝါးနဲ့ ကြက်တူရွေး စာသင်သလိုမျိုး ပြုလုပ်ပြီးတော့ ကျောင်းသားများ စာသင်နေရသည်ကို တွေ့ရှိရပါတယ်။ ထို့အတူ သင်္ချာတို့၊ သိပ္ပံတို့မှာလည်း ခွဲခွဲခြားခြား တတ်သိနားလည်အောင် ဘာသာရပ် အလိုက် ခွဲပြီးတော့သင်ကြားဖို့ လိုပါတယ်။ ဥပမာ သင်္ချာဘာသာမှာဆိုရင် Mathematics တို့ Geography တို့၊ IQ တို့ပါ ခွဲခြားပြီးတော့ သိရှိဖို့တတ်သိဖို့ လိုပါတယ်။ ထို့အတူ သိပ္ပံ ပညာမှာလည်း ဒီတိုင်းပါပဲ သိပ္ပံပညာမှာ အဓိကကတော့ Physics ဘာသာမှာဆိုရင် ကဏ္ဍအမျိုးမျိုးရှိပါတယ်။ အဲဒီကိစ္စရပ်တွေကို ယေဘုယျအားဖြင့် သင်နေတဲ့အတွက် ကျောင်းသားဟာ ဘယ်ဟာဟာ ဘယ်လိုက ဖြစ်လာတယ်ဆိုတာကို မသိကြပါဘူး။

ထို့ကြောင့် ဘာသာရပ်များကို ကဏ္ဍအလိုက်ခွဲခြားပြီး အသေးစိတ်သိရှိနိုင်သော သင်ရိုး သစ်များအစားထိုးသင်ကြရန် လိုအပ်ပါကြောင်း သုံးသပ်တွေ့ရှိပါတယ်။ ထို့ကြောင့် ကော်မတီ၏ တာဝန်မှာ ကျောင်းသားများကို ဘာသာရပ်များ၌ ကဏ္ဍအလိုက် သိရှိနိုင်သည့် သင်ရိုးအသစ်များ အစားထိုး ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရအား အကြံပြုလိုပါတယ်။ ကလေးသူငယ်များ ကိစ္စမှာလည်း အစီရင်ခံစာတွင် ဖော်ပြထားပေမယ့် အချို့သော မြို့နယ်များမှာ ဥပဒေနဲ့မညီဘဲ ကလေး သူငယ်တရားခံများကို လူကြီးတရားခံများက အတူချုပ်ထားတာကို တွေ့ရှိရပါတယ်။ အတူရှုးနေတာကို တွေ့ရှိရပါတယ်။ ချည်နှောင်ထားတာကို တွေ့ရှိရပါတယ်။ အဲဒါကတော့ ဥပဒေနဲ့ မညီညွတ်တဲ့ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် ကော်မတီ၏အစီရင်ခံစာမှာ ကလေးသူငယ်များကိစ္စ ဥပဒေနဲ့အညီ ဆောင်ရွက် ရေးကို အကြံပြုစေလိုပါတယ်။ နိဂုံးချုပ်အနေဖြင့် တင်ပြရရင် ပညာရေး၊ ကျန်းမာရေး၊ ကလေးသူငယ် များကိစ္စမှာ အထက်ဖော်ပြပါအချက် (၅)ချက်နဲ့အညီ တိတိကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် အကြံပြုချက်များနဲ့တကွ ကော်မတီ၏အစီရင်ခံစာကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူး တင်ပါတယ်။

## အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဒေါ်ခင်ဝိုင်းကြည်(ဥက္ကဋ္ဌ၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီ)။** ။ အားလုံး မင်္ဂလာ ကျက်သရေအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့သရင်းနဲ့ ကျွန်မ ဂါရဝပြုပါတယ်။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရှင်။ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ ကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်းမှာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်ကြီးမှ သဘောတူလက်ခံ အတည်ပြုပေးနိုင်ပါရန် ကော်မတီဥက္ကဋ္ဌဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်ခင်ဝိုင်းကြည် မှ လေးစားစွာဖြင့် အဆိုပြုတင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ ပါမယ်။ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၁၂း၁၂ နာရီ အချိန်တွင် ရပ်နားပါသည်။]